ရန်ကုန်တိုင်းဒေသကြီး
ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်

ဒီဇင်ဘာလ ၂၀၁၆




UKaid from the British people

UN-HABITAT FOR A BETTER URBAN FUTURE

BRACED Building Resilience and Adaptation to Climate Extremes and Disasters

# မာတိကာ


ဒဂုံဆိပ်ကမ်းမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏အမှာစာ ၁

**အခန်း (၁) နိဒါန်း** ၃

၁-၁။ နောက်ခံသမိုင်း ၃

၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ ၄

၁-၂-၁။ ရည်မှန်းချက် ၄

၁-၂-၂။ ရည်ရွယ်ချက်များ ၄

**အခန်း (၂) မြို့နယ်ဆိုင်ရာ အချက်အလက်များ** ၅

၂-၁။ အုပ်ချုပ်ရေးဆိုင်ရာဖွဲ့စည်းထားရှိမှု ၅

၂-၂။ ပထဝီဝင်အနေအထား ၆

၂-၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင် ၇

၂-၄။ လူဦးရေဆိုင်ရာအချက်အလက်များ ၈

၂-၅။ စီးပွားရေးဆိုင်ရာအချက်အလက်များ ၉

၂-၆။ ပညာရေးကဏ္ဍ ၁၀

၂-၇။ ကျန်းမာရေးကဏ္ဍ ၁၀

**အခန်း (၃) အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှုဖော်ပြခြင်း** ၁၁

၃-၁။ သဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် (Hazard Assessment) ၁၁

၃-၁-၁။ မုန်တိုင်း၊ ဆိုင်ကလုန်းဘေး ၁၁

၃-၁-၂။ ရေကြီးမှုဘေး ၁၄

၃-၁-၃။ မီးဘေး ၁၆

၃-၁-၄။ ငလျင်ဘေး ၁၈

၃-၁-၅။ မိုးကြိုးဘေး ၂၀

၃-၂။ အန္တရာယ်ကျရောက်လွယ်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment) ၂၂

၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၂

၃-၂-၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု ၂၂

၃-၂-၃။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု ၂၃

၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment) ၂၃

၃-၃-၁။ တည်နေရာနှင့် သွားလာရေးလွယ်ကူမှု ၂၃

၃-၃-၂။ သောက်သုံးရေရရှိမှု အခြေအနေများ ၂၄

၃-၃-၃။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ ၂၄

၃-၃-၄။ လူ့စွမ်းအားအရင်းအမြစ်များ ၂၄

**အခန်း (၄) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်းဖွဲ့စည်းထားရှိမှုများ** ၂၅

၄-၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု ၂၅

၄-၂။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှု ၂၆

**အခန်း(၅) ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ** ၃၁

၅-၁။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ ၃၁

၅-၁-၁။ ဘေးမကျရောက်မီ ၃၁

၅-၁-၂။ ဘေးကျရောက်နေစဉ် ၃၂

၅-၁-၃။ ဘေးကျရောက်ပြီး ၃၂

၅-၂။ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ ၃၄

၁။ သတင်းနှင့်ပညာပေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၄

၂။ အရေးပေါ်ဆက်သွယ်မှုစနစ်ထူထောင်ရေး လုပ်ငန်းကော်မတီ၏တာဝန်နှင့် ဝတ္တရားများ ၃၅

၃။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၆

၄။ ပျက်စီးဆုံးရှုံးမှုပမာဏ သတင်းရရှိရေးနှင့်အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၇

၅။ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၈

၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၉

၇။ ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာထူထောင်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၃၉

၈။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၄၀

၉။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၄၁

၁၀။ လုံခြုံရေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ ၄၂

**အခန်း (၆) လုပ်ငန်းစီမံချက်စောင့်ကြည့်စစ်ဆေးခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း** ၄၅

၆-၁။ စီမံချက်အကောင်အထည်ဖော်ဆောင်နိုင်မှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အညွှန်းကိန်းများ ၄၅

၆-၂။ စီမံချက်ပြန်လည်သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်း ၄၆

၆-၃။ နိဂုံး ၄၇


**ပုံများစာရင်း**


ပုံ (၁) မင်္ဂလာဒုံမြို့နယ် ပျမ်းမျှအမြင့်ဆုံး အပူချိန်ပြပုံ ၈

ပုံ (၂) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မုန်တိုင်း၊ ဆိုင်ကလုန်းဘေး ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ ၁၃

ပုံ (၃) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ရေကြီးမှုဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၅
ပုံ (၄) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၇
ပုံ (၅) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် လေပြင်းဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၁၉
ပုံ (၆) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မိုးကြိုးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ ၂၁

## ဇယားများစာရင်း

ဇယား (၁) ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း ၅

## နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ဌာနဆိုင်ရာများ၏ ရုံးဖုန်းနံပါတ်များ ၄၈
နောက်ဆက်တွဲ (၂) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရပ်၊ ကျေးအုပ်စုများ၏ ဆက်သွယ်ရန် အမည်များနှင့် ဖုန်းနံပါတ်များ ၅၀
နောက်ဆက်တွဲ (၃) ပြည်တွင်း၊ ပြည်ပ လူမှုရေးအသင်းအဖွဲ့များ ၅၁
နောက်ဆက်တွဲ (၄) ဒဂုံဆိပ်ကမ်းမြို့နယ် လူဦးရေပြဇယား ၅၂
နောက်ဆက်တွဲ (၅) ပညာရေးဆိုင်ရာ အချက်အလက်ပြဇယား ၅၂
နောက်ဆက်တွဲ (၆) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရပ်၊ ကျေးအုပ်စုများ၏ ဘေးအန္တရာယ်သတ်မှတ်ချက်များ ၅၃
နောက်ဆက်တွဲ (၇) အရေးပေါ်အကူအညီ လိုအပ်ချက်တောင်းခံမှုပုံစံ ၅၄
နောက်ဆက်တွဲ (၈) ပျက်စီးဆုံးရှုံးမှု လေ့လာဆန်းစစ်ချက်ပုံစံ ၅၅
နောက်ဆက်တွဲ (၉) ကျေးရွာအုပ်စုအဆင့် အချက်အလက်ကောက်ယူမှုပုံစံ ၅၇
နောက်ဆက်တွဲ (၁၀) ကျေးရွာအုပ်စုသဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်မှုပုံစံ ၆၀
နောက်ဆက်တွဲ (၁၁) သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ခြင်း အချက်အလက်ကောက်ယူမှုပုံစံ ၆၂

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်
# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အမှာစာ

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် ပထဝီအနေအထားအရ သော်လည်းကောင်း၊ ရာသီဥတုနှင့်သဘာဝ ပတ်ဝန်းကျင်အရသော်လည်းကောင်း လေျင်ဘေး၊ ရေဘေး၊ မိုးကြိုးဘေး၊ လေဘေးနှင့် မီးဘေးစသည့် ဘေးအမျိုးမျိုး၏ ဒဏ်မှ ကျရောက်နိုင်ခြေများပြီး အခြားသောအန္တရာယ်များဖြစ်သည့် ကူးစက်ရောဂါဘေးတို့သည်လည်း အချိန်မရွေး ကျရောက်နိုင်သည်ကို တွေ့ရှိရသည်။

ယခုအချိန်တွင် ရာသီဥတုပြောင်းလဲလာခြင်း၊ သဘာဝပတ်ဝန်းကျင်ပြုန်းတီးခြင်းနှင့် ရုပ်ဝတ္ထု ဖွံ့ဖြိုးတိုးတက်လာမှုနှင့် စီးပွားရေးလုပ်ငန်းများဖြစ်သည့် စက်ရုံ၊ အလုပ်ရုံများ၏ ဘေးထွက်ဆိုးကျိုးများကြောင့် မြန်မာနိုင်ငံတွင်သာမကကမ္ဘာတစ်ဝှမ်းလုံးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် နိုင်ငံတော်အဆင့်မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့်ကျေးရွာများ အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကို ရေးဆွဲရန် ဖော်ပြထားသည်ကိုတွေ့ရသည်။ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်ပေါ်အခြေခံပြီး ပြောင်းလဲလာသော ဒေသလိုအပ်ချက်များနှင့် စီမံချက်ကို ပိုမိုကျယ်ပြန့်သောသက်ဆိုင်ရာ ပါဝင်ပတ်သက်သူအားလုံးနှင့် တိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

စီမံချက်ကို သက်ဝင်လှုပ်ရှားမှုရှိအောင် အကောင်အထည်ဖော်ခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေနှင့် လိုက်လျောညီထွေဖြစ်အောင် အနည်းဆုံး (၂) နှစ်တစ်ကြိမ် ပုံမှန်အချိန် သတ်မှတ်၍ ဖြည့်စွက်ပြင်ဆင်သင့်ပါသည်။ သဘာဝဘေးအန္တရာယ် မကျရောက်မီ ဘေးလျော့ပါးရေးလုပ်ငန်းနှင့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ ကြိုတင်သတိပေးစနစ်၊ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး စသည့်လုပ်ငန်းများကို ဤစီမံချက်ပါအတိုင်း ဆောင်ရွက်သွားပါက ဘေးကျရောက်ပါက ပျက်စီးဆုံးရှုံးမှုနည်းပါးပြီး မူလအခြေအနေသို့ လျင်မြန်စွာ ပြန်လည်ရောက်ရှိမည် ဖြစ်ပါသည်။

စီမံချက်ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အစမ်းလေ့ကျင့်မှုများပြုလုပ်ရန်လိုအပ်ပြီး ရရှိလာသောသင်ခန်းစာများသည် စီမံချက်အား ထပ်မံဖြည့်စွက်ရေးဆွဲရန် လိုအပ်သောလမ်းညွှန်မှုကို ပေးနိုင်ပါသည်။

ဤစီမံချက်ကို ရေးဆွဲထားခြင်းဖြင့် သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက်နည်းပါးလာပြီး မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်မည် ဖြစ်သည်။ ထို့အပြင် မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားခြင်းအားဖြင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို လျှောက်လှမ်းနိုင်

မည် ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဤစီမံချက်ရေးဆွဲနိုင်ရေးအတွက် ဦးဆောင်မှုပေးခဲ့သော ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ နည်းပညာနှင့်ကျွမ်းကျင်မှုများ ပံ့ပိုးပေးခဲ့သော ကုလသမဂ္ဂ၊ မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးအစီအစဉ် (UN-HABITAT)၊ ပူးပေါင်းပါဝင်ဆွေးနွေး အကြံဉာဏ်ပေးခဲ့ကြသော မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ Department for International Development (DFID-UK) ၏ရန်ပုံငွေပံ့ပိုးမှုဖြင့် လုပ်ငန်းအစီအစဉ်များဖြစ်မြောက်အောင် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးပါသော Building Resilience and Adaptation to Climate Extremes and Disasters (BRACED Alliance Myanmar) တို့အား အထူးပင် ကျေးဇူးတင်ရှိပါသည်။

မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာ (၃၁)ရက်

# အခန်း [ ၁ ]

# နိဒါန်း

## ၁-၁။ နောက်ခံသမိုင်း

သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ပါးရေးဆိုသည်မှာ ဖြစ်ရပ်တစ်ခု၏ အကျိုးဆက်များ လျော့နည်းကျဆင်းစေရန် ဆောင်ရွက်သော တားဆီးကာကွယ်ခြင်း၊ နည်းပါးသက်သာစေခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် သုတေသနပြုခြင်း အစီအမံများအပါအဝင် လုပ်ငန်းများ အားလုံးကိုခေါ်ပါသည်။

လူ့အဖွဲ့အစည်းတစ်ရပ်လုံးတွင် အန္တရာယ်ကျရောက်လွယ်မှုများနှင့် အန္တရာယ်ကျရောက်မှုများ နည်းပါးနိုင်သမျှ နည်းပါးစေရန်လည်းကောင်း၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကျယ်ပြန့်သော ဆက်စပ်အခြေအနေများအတွက် ဘေးရန်များ၏ ဆိုးရွားသောထိခိုက်မှုများကို ရှောင်ရှားရန် (တားဆီးကာကွယ်ခြင်း) သို့မဟုတ် ကန့်သတ်ရန် (နည်းပါးသက်သာစေခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း) ဖြစ်နိုင်ခြေများနှင့်အတူ ကဏ္ဍများကို တွေးခေါ်ယူဆချက် မူဘောင်အဖြစ် စဉ်းစားခြင်းဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် အချိန်အခါ၊ နေရာဒေသမရွေး ကျရောက်တတ်ပါသည်။ အချို့ဘေးအန္တရာယ်များကို မကျရောက်မီ ကြိုတင်ခန့်မှန်းသိရှိနိုင်သော်လည်း အချို့မှာ ကြိုတင်ခန့်မှန်းနိုင်ခြင်းမရှိဘဲ ရုတ်ချည်း ဖြစ်ပေါ်တတ်ပါသည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ မီးလောင်မှုဖြစ်ပွားခြင်း၊ မြေငလျင်၊ ဆိုင်ကလုန်းမုန်တိုင်း၊ မုန်တိုင်း ဒီရေလှိုင်းတက်ခြင်း၊ ဆူနာမီရေလှိုင်း၊ မြေပြိုခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ရေရှားခြင်းဘေး၊ မိုးကြိုးဘေးစသည်ဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်နိုင်ပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၏အရှေ့ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး တောင်ဘက်တွင် ရန်ကုန်တောင်ပိုင်း ခရိုင်၊ သန်လျင်မြို့နယ်၊ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပါသည်။ အနောက်ဘက်တွင် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့်ထိစပ်လျက်ရှိပြီး မြောက်ဘက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ် လျက်ရှိသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၏ ပထဝီအနေအထားအရ မြစ်ကမ်းနဘေးတွင်တည်ရှိသဖြင့် ရေလွှမ်းမိုးမှုများ ကျရောက်လေ့ရှိပါသည်။ မြေပြန့်လွင်ပြင်ဖြစ်သောကြောင့် မိုးဦးရာသီနှင့် မိုးနှောင်းကာလရာသီတို့တွင် လေပြင်းများတိုက် ခိုက်နိုင်ပါသည်။ မြို့နယ်အတွင်းရှိ လူနေရပ်ကွက်များတွင် ပူပြင်းခြောက်သွေ့သော နွေရာသီတွင်မီးလောင်မှု၊ မီးဘေး အန္တရာယ်များလည်း ကျရောက်နိုင်ပါသည်။

အထူးသဖြင့် မိုးရာသီကာလတွင် မုန်တိုင်းများတိုက်ခတ်ခြင်းနှင့် အခြားသဘာဝဘေးအန္တရာယ်များဖြစ်သည့် လေပြင်းဘေး၊ မိုးကြိုးဘေး၊ မြေပြိုခြင်းဘေးများကို အချိန်မရွေး ပေါ်ပေါက်လာနိုင်သဖြင့် ထိုကဲ့သို့သော အခြေအနေ မျိုးတွင် ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန်နှင့် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေရန် ရည်ရွယ် လျက် **''ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်''** ကို ရေးဆွဲပါသည်။

အမျိုးမျိုးသော ဘေးအန္တရာယ်ဖုန်များတွင်ကျရောက်ရခြင်းမှာ မတူညီသောပထဝီဝင် အနေအထားများကြောင့် ဖြစ်၍ မြို့နယ်အဆင့်မှ ကျေးရွာအဆင့်တိုင်အောင် သဘာဝဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှုများကို ပြုလုပ်ရန်လိုအပ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ အခန်း (၄) တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များဖွဲ့စည်းခြင်းနှင့် ပတ်သက်ပြီး ဖော်ပြထားသည်။ ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းကြောင့် ဧရာဝတီတိုင်းတွင် ထိခိုက်ခံစားခဲ့မှုများကို သင်ခန်းစာယူ၍ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်း စီမံချက်များရေးဆွဲခြင်းသည် အရေးကြီးသောအခန်းကဏ္ဍဖြစ်ပြီး နိုင်ငံတော်ကိုသဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်လာသည့်အခါ ထိခိုက်ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရန်ရည်ရွယ်လျက် ဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်ကယ်ဆယ် စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျ၊ အမြန်ဆုံးနှင့် အထိရောက်ဆုံးဆောင်ရွက်နိုင်ရန် **''ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်''**ကို ရေးဆွဲပါသည်။ ထို့အပြင် ဤစီမံချက်သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများတွင် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်ရန်အတွက်လည်း အထောက်အကူပြုရန် ရည်ရွယ်ပါသည်။

ဤလုပ်ငန်းစီမံချက်ကို ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ဦးဆောင်မှုဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့နယ်အတွင်း လုပ်ငန်းစီမံကိန်းများဆောင်ရွက်နေသော အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ စသည့် သဘာဝဘေးကာကွယ် စောင့်ရှောက်ရေးလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သူများ ပူးပေါင်းပါဝင်ဆွေးနွေးသည့် နည်းလမ်းဖြင့် ရေးဆွဲထားပါသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်အတွင်း ယခင်က ကျရောက်ခဲ့သော ဘေးအန္တရာယ်များဆိုင်ရာ အချက်အလက်များ၊ ယခင်ကဖြစ်ပွားခဲ့သော သဘာဝဘေးအန္တရာယ်များနှင့် ၎င်းတို့၏သက်ရောက်မှုများ အပေါ်အခြေခံလျက် မြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ခံရလွယ်မှုအခြေအနေနှင့် မြို့နယ်အတွင်းရရှိနိုင်သော အရင်းအမြစ်များ စသည်တို့ကိုလည်း ဖော်ထုတ်သတ်မှတ်၍ ဤလုပ်ငန်းစီမံချက်တွင် ထည့်သွင်းရေးဆွဲထားပါသည်။

## ၁-၂။ လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်ပန်းတိုင်နှင့် ဦးတည်ချက်များ

### ၁-၂-၁။ ရည်မှန်းချက်

မြို့နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် (Township Disaster Management Plan-TDMP)၏ ရည်မှန်းချက်မှာ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ဆုံးရှုံးမှုများ နည်းပါးသည်ထက် နည်းပါးစေရန်နှင့် မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် ၎င်းတို့၏အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၊ ပိုင်ဆိုင်မှုများ၊ ကုန်ထုတ်စွမ်းအားစုများ၊ အိုးအိမ်အဆောက်အအုံများကို အကာအကွယ်ပေးနိုင်ရန် ဖြစ်ပါသည်။

### ၁-၂-၂။ ရည်ရွယ်ချက်များ

မြို့နယ် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုစီမံချက်၏ ရည်ရွယ်ချက်များမှာ-

- မြို့နယ်တွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန်။
- မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်း၊ တုံ့ပြန်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို စနစ်တကျနှင့် အမြန်ဆုံး ဆောင်ရွက်နိုင်ရန်။
- မြို့နယ်၏ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းဖော်ဆောင်နိုင်ရန်။

# အခန်း [ ၂ ]
# မြို့နယ်ဆိုင်ရာ အချက်အလက်များ

## ၂-၁။ အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းထားရှိမှု

**မြို့နယ်အုပ်ချုပ်ရေး။** ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ယူဆောင်ရွက်ပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အုပ်ချုပ်ရေးလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်ကို အောက်ဖော်ပြပါဇယားတွင် ဖော်ပြထားပါသည်။

**အစိုးရဌာနများ။** ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနများ၏ လုပ်ငန်းများ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကိစ္စများဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့်ဌာနဆိုင်ရာများကို ဖွဲ့စည်းထားရှိပါသည်။ မြို့နယ်အဆင့် ရုံးဖွင့်လှစ်ထားသော အစိုးရဦးစီးဌာနများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဇယား (၁) ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများစာရင်း**

| စဉ် | ဦးစီးဌာန | ဝန်ကြီးဌာန |
|---|---|---|
| ၁။ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ပြည်ထဲရေးဝန်ကြီးဌာန |
| ၂။ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ | |
| ၃။ | မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး | |
| ၄။ | သတင်းရဲတပ်ဖွဲ့ | |
| ၅။ | မီးသတ်ဦးစီးဌာန | |
| ၆။ | မြို့နယ်စည်ပင်သာယာရေးကော်မတီ | ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ |
| ၇။ | ပညာရေးမှူးရုံး | ပညာရေးဝန်ကြီးဌာန |
| ၈။ | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ပြန်ကြားရေးဝန်ကြီးဌာန |
| ၉။ | ပြည်တွင်းအခွန်များဦးစီးဌာန | ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၁၀။ | မြန်မာ့စီးပွားရေးဘဏ် | |
| ၁၁။ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာန | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန |
| ၁၂။ | သစ်တောဦးစီးဌာန | |

| စဉ် | ဦးစီးဌာန | ဝန်ကြီးဌာန |
|---|---|---|
| ၁၃။ | ငါးလုပ်ငန်းဦးစီးဌာန | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| ၁၄။ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | |
| ၁၅။ | သမဝါယမဦးစီးဌာန | |
| ၁၆။ | ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန | |
| ၁၇။ | လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | |
| ၁၈။ | စိုက်ပျိုးရေးဦးစီးဌာန | |
| ၁၉။ | မြို့နယ်စက်မှုလယ်ယာဦးစီးဌာန | |
| ၂၀။ | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | မြန်မာ့စာတိုက်လုပ်ငန်း | |
| ၂၂။ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၃။ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | |
| ၂၄။ | ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | |
| ၂၅။ | ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| ၂၆။ | မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန | |
| ၂၇။ | မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန | |
| ၂၈။ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၉။ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့ အင်အားရေးရာဝန်ကြီးဌာန |
| ၃၀။ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| ၃၁။ | မြို့နယ်စာရင်းစစ်ရုံး | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃၂။ | မြို့နယ်ဥပဒေရုံး | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၃၃။ | မြို့နယ်တရားရုံး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

## ၂-၂။ ပထဝီဝင်အနေအထား

### (က) ဒေသသမိုင်း၊ ဒေသအကျယ်အဝန်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်သည် ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၉၉၄ ခုနှစ် ဩဂုတ်လ ၁၉ ရက် အမိန့်ပြန်တမ်းဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)ဟူ၍ သတ်မှတ်ဖွဲ့စည်းခဲ့သည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စတင်ဖွဲ့စည်းချိန်၌ ရပ်ကွက် (၃၈) ရပ်ကွက်နှင့် ကျေးရွာအုပ်စု(၄)အုပ်စု ပါဝင်ခဲ့သော်လည်း မြို့နယ်အတွင်းစက်မှုဇုန်များ ဖော်ထုတ်လိုက်မှုကြောင့် အမှတ် (၉၅၊ ၉၆၊ ၉၇၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃) ရပ်ကွက် (၈) ခုသည် စက်မှုဇုန်အပိုင်း (၁)အဖြစ် ဧရိယာ အကျယ်အဝန်း (၇၉၂.၆၄၅) ဧကဖြင့်လည်းကောင်း၊ စက်မှုဇုန်အပိုင်း (၂)သည် သတ်မှတ်မြေကွက် အမှတ်များတွင် ပါဝင်ခြင်းမရှိဘဲ သီးခြားမြေဧရိယာပေါ်တွင် ဖွဲ့စည်းသတ်မှတ်ခြင်း

ဖြစ်ပြီး ဧရိယာအကျယ်အဝန်း (၄၁၆. ၁၅) ကေဖြင့်လည်းကောင်း ပေါ်ပေါက်ခဲ့ပါသည်။ ၄င်းအပြင် ဤမြို့နယ်ကို ယခင်က ရပ်ကွက် (၃၈)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၄)အုပ်စုဖြင့် ဖွဲ့စည်းထားရာမှ ပြည်ထဲရေးဝန်ကြီးဌာန၏ ၆–၁–၂၀၁၆ ရက်စွဲပါ အမိန့်ကြေညာစာအမှတ် ၂၀၀ ။၂၁–၄၅။ ဦး ၁ ဖြင့် အမှတ် (၉၅၊ ၉၆၊ ၉၇၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂၊ ၁၀၃) ရပ်ကွက်များ စုစုပေါင်းရပ်ကွက် (၈) ရပ်ကွက်ကို ဖျက်သိမ်းလိုက်ပြီး၊ အမှတ်(၁၄၈) ရပ်ကွက်အား ဧရိယာ (၁၄၁. ၁၉၅) ကေဖြင့်လည်းကောင်း၊ အမှတ်(၁၄၉) ရပ်ကွက်အား ဧရိယာ (၂၄၄. ၉၇၁) ကေဖြင့်လည်းကောင်း၊ အမှတ်(၁၅၀) ရပ်ကွက်အား ဧရိယာ (၂၀၀. ၁၅၂) ကေဖြင့်လည်းကောင်း၊ အမှတ်(၁၅၁) ရပ်ကွက်အား ဧရိယာ (၂၈၀. ၉၉၁) ကေဖြင့်လည်းကောင်း၊ အမှတ်(၁၆၈) ရပ်ကွက်အား ဧရိယာ (၁၃၅. ၀၀) ကေဖြင့်လည်းကောင်း၊ စုစုပေါင်း(၅) ရပ်ကွက်ကို အသစ်တိုးချဲ့ဖွဲ့စည်း၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ကို ရပ်ကွက် (၁၆) ရပ်ကွက်၊ ကျေးရွာအုပ်စု (၄)အုပ်စုဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါသည်။ ဤမြို့နယ်ရုံးကို ၂၆–၉–၁၉၉၄ ခုနှစ်တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရုံးတွင် တွဲဖက်စတင်ရုံးဖွင့်လှစ်ခဲ့ပြီး ၂၁–၄–၁၉၉၉ ခုနှစ်မှသာ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရုံးအသစ်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် ဧရိယာစတုရန်းမိုင် (၃၂. ၉၇၃) ကျယ်ဝန်းပြီး ရပ်ကွက် (၁၆) ရပ်ကွက်၊ ကျေးရွာအုပ်စု (၄) ခုဖြင့် ဖွဲ့စည်းထားရှိပါသည်။ မြို့နယ်အတွင်း အိမ်ခြေ (၃၂၀၅၂) ခန့်ရှိပြီး၊ လူဦးရေ (၁၆၆၀၅၇) ခန့် နေထိုင်လျက် ရှိပါသည်။


## ၂–၃။ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

### (က) ရာသီဥတု

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် ပူနွေးစွတ်စိုသော မုတ်သုန်ရာသီဥတုရှိပြီး အမြင့်ဆုံးပျမ်းမျှအပူချိန် (၄၂ ဒီဂရီ C ) နှင့် အနိမ့်ဆုံးအပူချိန် (၂၁ ဒီဂရီ C) ဖြစ်ပါသည်။ နှစ်အလိုက် ပျှမ်းမျှ စုစုပေါင်းမိုးရေချိန် (၁၁၀) ခန့်ရှိပြီး ပျှမ်းမျှရွာရက် (၈၆) ရက်ခန့်ဖြစ်သည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်မှ အပူချိန်နှင့် မိုးရေချိန်ပြဇယားမှ ပျှမ်းမျှရာ၍ ဖော်ပြခြင်းဖြစ်သည်။

ရန်ကုန်မြို့၊ မင်္ဂလာဒုံ မိုးလေဝသစခန်းရှိ ၁၉၈၁ – ၂၀၁၀ (နှစ် ၃၀) မှတ်တမ်းများအရ အမြင့်ဆုံးနေ့အပူချိန်များကို ၂၀၀၄ ခုနှစ်၊ ဧပြီလ (၂၆) ရက်နေ့နှင့် ၁၉၉၈ မေလ (၈)နှင့် (၉)ရက်နေ့များတွင် စံချိန်တင်ရရှိခဲ့ပြီး အမြင့်ဆုံးစံချိန်တင် အပူချိန်မှာ (၄၂) ဒီဂရီ စင်တီဂရိတ်အထိ ဖြစ်ခဲ့သည်။ အနိမ့်ဆုံး နေ့အပူချိန်ကို ၂၀၀၀ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင်ရရှိခဲ့ပြီး အပူချိန် (၂၀. ၃) ဒီဂရီစင်တီဂရိတ်အထိ နိမ့်ဆင်းခဲ့သည်။ လအလိုက် ပျှမ်းမျှမိုးရေချိန်မှတ်တမ်းများအရ ဇွန်လနှင့်ဇူလိုင်လတို့တွင် အစွတ်စိုဆုံးဖြစ်သည်။ ၂၀၀၇ ခုနှစ်သည် အစိုစွတ်ဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပြီး တစ်နှစ်ပတ်လုံး ရရှိခဲ့သည် မိုးရေချိန်မှာ (၃၄၅၀) မီလီမီတာဖြစ်ခဲ့ပြီး ပျမ်းမျှမိုးရေချိန်ထက် ၁၃၆ ရာခိုင်နှုန်းကျော် မိုးရေချိန်ရရှိခဲ့သည်။ (နှစ်စဉ်ပျမ်းမျှမိုးရေချိန်မှာ (၂၅၃၂) မီလီမီတာသာဖြစ်သည်။ အခြောက်သွေ့ဆုံးနှစ်မှာ ၁၉၉၈ ခုနှစ်ဖြစ်ပြီး မိုးရေချိန် (၁၄၇၈) မီလီမီတာ တိုင်းထွာရရှိခဲ့ပြီး နှစ်စဉ်ပျမ်းမျှ မိုးရေချိန်၏ ၅၈ ရာခိုင်နှုန်းခန့်သာ ရရှိခဲ့သည်။ စိုစွတ်ကာလတွင် မိုးရေချိန်ရရှိမှု မြင့်တက်လာခြင်းကြောင့် တစ်နှစ်ပတ်လုံး မိုးရေချိန်ရရှိမှုများ မြင့်တက်လာသည်ကို တွေ့ရပြီး တစ်ဖက်တွင်လည်း ခြောက်သွေ့ကာလ မိုးရေချိန်များ လျော့နည်းလာသည်တွေ့ရသည်။ ၁၉၈၁ မှ ၂၀၁၀ ခုနှစ်အတွင်း နှစ် (၃၀) အချက်အလက်များအရ နှစ်စဉ်ပျမ်းမျှ အမြင့်ဆုံးအပူချိန်များလည်း အပြောင်းအလဲရှိသည်ကို ပုံ (၁) အရတွေ့နိုင်သည်။ ပျမ်းမျှအမြင့်ဆုံးအပူချိန်မှာ (၃၂. ၇၃) ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ နှစ်စဉ်ပျမ်းမျှအမြင့်ဆုံးအပူချိန်များ မြင့်တက်နေသည်ကိုတွေ့နိုင်ပြီး ပိုမိုပူနွေးသည့် ရက်များလာသည်ကို တွေ့နိုင်သည်။ သို့သော် နေ့အပူချိန် အပူပြင်းဆုံးနေ့ရက်များ တွေ့ရမှုများမှာတော့ ကျဆင်းနေပါသည်။

ပုံ (၁) မင်္ဂလာဒုံမြို့နယ်၏ ပျမ်းမျှအမြင့်ဆုံး အပူချိန်ပြပုံ




(အရင်းအမြစ် – Climate Profile Myanmar - Climate Variabilities, Extermes and Trends in Centeral Dry, Costal and Hilly Zones, RIMES & UN-Habitat, 2016)

ပုံ (၁) ၁၉၈၁–၂၀၁၀ အတွင်း မင်္ဂလာဒုံမြို့နယ်၏ ပျမ်းမျှအမြင့်ဆုံးအပူချိန်ပြပုံ၊ နေ့အပူချိန်အမြင့်ဆုံးကို ၂၀၁၀ ခုနှစ်တွင် တွေ့ရပြီး၊ အနိမ့်ဆုံးအပူချိန်ကို ၂၀၀၈ ခုနှစ်တွင် တွေ့ရသည်။

### (ခ) သဘာဝပေါက်ပင်များ

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ပင်လယ်ဒီရေရောက်တောများဖြစ်သည့် ဓနိ၊ လမု၊ ခရာတို့ ပေါက်ရောက်ပါသည်။

## ၂–၄။ လူဦးရေဆိုင်ရာ အချက်အလက်များ

### (က) နေထိုင်သည့်လူမျိုး

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် နေထိုင်ကြသူများ၏ ၉၀. ၁၇ ရာခိုင်နှုန်းမှာ ဗမာလူမျိုးများ ဖြစ်ကြသည်။ ချင်းလူမျိုး၊ ရခိုင်လူမျိုးနှင့် နိုင်ငံခြားသားတို့သည် ဒုတိယအများဆုံး နေထိုင်ကြသူများဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် ၂ ရာခိုင်နှုန်း အသီးသီးဖြစ်ကြသည်။ ကချင်လူမျိုး၊ ကယားလူမျိုး၊ ကရင်လူမျိုး၊ မွန်လူမျိုး၊ ရှမ်းလူမျိုးနှင့် အခြားတို့လည်းနေထိုင်ကြသည်။ လူမျိုးပေါင်းစုံနှင့် နိုင်ငံခြားသားများပါ နေထိုင်သည်ကို တွေ့ရှိရပါသည်။

### (ခ) လူဦးရေ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ လူဦးရေစုစုပေါင်းမှာ (၁၆၆၀၅၅၇) ဖြစ်ပြီး ကျား၊ မ အချိုးမှာ (၁း၁) ဖြစ် သည်။ သို့ပါသောကြောင့် သဘာဝဘေးလျော့ပါးရေးဆောင်ရွက်မှုများတွင် အမျိုးသမီးတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အပိုင်းတွင် ပါဝင်နေသည်။ အသက် (၁၈)နှစ်အောက် လူဦးရေမှာ အသက် (၁၈) နှစ်အထက် လူဦးရေထက်

ပိုမိုများပြားသည်။ အသက် (၁၈)အောက် လူဦးရေသည် အသက် (၁၈)နှစ်အထက် လူဦးရေ၏ ၂ ဆနီးပါးခန့် ရှိသည်။ အရေအတွက်အားဖြင့် (၁၀၇၀၁၂)နှင့် (၅၉၀၄၅) အသီးသီးဖြစ်ကြသည်။ အချက်အလက် နောက်ဆက်တွဲ (၄) တွင်ဇယားဖြင့် ဖော်ပြထားသည်။

### (ဂ) ကိုးကွယ်သည့် ဘာသာ

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်တွင် နေထိုင်ကြသူအများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများ အများစုဖြစ်ပြီး နေထိုင်သူလူဦးရေ၏ (၉၄) ရာခိုင်နှုန်း ဖြစ်သည်။ ဒုတိယအများဆုံးမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး (၃) ရာခိုင်နှုန်း ရှိသည်။ ကျန်သာသာဝင်များမှ ဟိန္ဒူဘာသာ၊ အစ္စလာမ်ဘာသာနှင့် အခြားဖြစ်ပြီး (၁) ရာခိုင်နှုန်းစီ အသီးသီးဖြစ်ကြသည်။

## ၂-၅။ စီးပွားရေးဆိုင်ရာ အချက်အလက်များ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး စက်မှုဇုန်(၂)ခုဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် ကုမ္ပဏီ (၁၀)ခုဖြင့် ခေတ်မီစံပြစက်မှုလယ်ယာစနစ်ဖြင့် စပါးစိုက်ပျိုးခြင်းလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ ထို့အပြင် မော်တော်ယာဉ်လုပ်ငန်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြပါသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်သည် အခြားဒေသများသို့ ကုန်လမ်း၊ ရေလမ်း၊ ရေကြောင်းလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။ မြို့နယ်၏ အဓိက ထွက်ကုန်များမှာဆန်စပါးဖြစ်ပြီး ဈေးကွက်အများဆုံး တင်ပို့ရောင်းချပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်သည် အခြားဒေသမှ စားသုံးကုန်ပစ္စည်းများကို အဓိကတင်သွင်းရပါသည်။

### (က) မြေအသုံးချမှု

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၏ စုစုပေါင်းမြေဧရိယာ (ဧက) ၂၁၁၀၃ ရှိသည်။ အမျိုးအစားအလိုက် အသုံးချထားသည့် အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း (၆၉၂၈) ဧကရှိပြီး စိုက်ပျိုးခြင်းမပြုနိုင်သော ဧရိယာ (၆၂၆) ဧကရှိသည်။ ကျန်ရှိသောမြေသည် စားကျက်မြေ၊ စက်မှုလုပ်ငန်း သုံးမြေ၊ မြို့မြေ၊ ရွာမြေနှင့် အခြားမြေဧကများ ဖြစ်သည်။

### (ခ) စိုက်ပျိုးရေးလုပ်ငန်း

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုတွင် အဓိကသီးနှံ (၅) မျိုးစိုက်ပျိုးထုတ်လုပ်မှုမှာ စပါး၊ မြေပဲ၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်းတို့ဖြစ်ပြီး ဒေသတွင်းဆန်ဖူလုံမှုရာခိုင်နှုန်းမှာ ၂၀၁၄ -၂၀၁၅ လျာထားသည်မှာ ၄၃. ၉၉ ဖြစ်သည်။

### (ဂ) မွေးမြူရေးလုပ်ငန်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မွေးမြူရေးဇုန်များ မရှိပါ။ သို့သော်လည်း ကျွဲ၊ နွား၊ သိုး၊ဆိတ်၊ ဝက်၊ ကြက်၊ ဘဲများ မွေးမြူကြသည်။

### (ဃ) စက်မှုလက်မှုလုပ်ငန်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်သော မြို့ဖြစ်သောကြောင့် စုစုပေါင်းစက်ရုံအရေအတွက်များ ၁၀၃ ရုံရှိပါသည်။ မြို့နယ်ရှိ စက်ရုံများရှိ လုပ်သားအင်အားများမှာ ၁၀၃၅၆ ယောက်ရှိပါသည်။

**(င) ဆက်သွယ်ရေး**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍကိုဖော်ပြရလျှင် တယ်လီဖုန်း (မိုဘိုင်း) အရေအတွက်နှင့် အင်တာနက်အသုံးပြုသူဦးရေမှာ (၄၁၈၇၄) ဦး ဖြစ်သည်။

## ၂-၆။ ပညာရေးကဏ္ဍ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ မူလတန်းကြို၊ အမကနှင့်အလကရှိ ကျောင်းသားဦးရေမှ (၁၂၄၆၅) ဖြစ်ပြီး ပျမ်းမျှဆရာအချိုးမှာ (၁း ၄) ဖြစ်သည်။ အထက ကျောင်းသားဦးရေမှာ (၇၉၄၁) ဖြစ်ပြီး ဆရာအချိုးမှာ (၁း၄) ဖြစ်သည်။ ကောလိပ်ကျောင်းသားဦးရေမှာ (၅၈၁) ဖြစ်ပြီး ဆရာအချိုးမှာ (၁း၅) ဖြစ်သည်။ နောက်ဆက်တွဲ (၅) တွင် ဇယားဖြင့် ဖော်ပြထားသည်။

## ၂-၇။ ကျန်းမာရေးကဏ္ဍ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင်ရှိသော ကျန်းမာရေးဆိုင်ရာအချက်အလက်များမှာ အစိုးရဆေးရုံ (၁) ခုသာရှိပြီး ပုဂ္ဂလိက ဆေးပေးခန်းများပေါင်း (၂၁) ခု ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲကျေးလက်ကျန်းမာရေးဌာနမှာ သရက်ပင်ချောင်းကျေးရွာအုပ်စုတွင်ရှိပြီး ဒေသန္တရကျန်းမာရေးဌာနမှာ (၆၀) ရပ်ကွက်တွင် တည်ရှိပါသည်။ ဒေသတွင်း အများဆုံးဖြစ်တတ်သော ရောဂါများမှာ ဝမ်းလျှောရောဂါ၊ တီဘီရောဂါနှင့် ဝမ်းကိုက်ရောဂါတို့ ဖြစ်သည်။

# အခန်း [ ၃ ]

# အန္တရာယ်များနှင့် အန္တရာယ်ကျရောက်နိုင်မှုဖော်ပြခြင်း

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် သန်လျင်မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့နှင့် ဆက်စပ်တည်ရှိသည့်အတွက် မိုးများရွာသွန်းချိန်တွင် အဆိုပါမြို့နယ်များမှ ရေများစီးဆင်းမှု၊ ၉၃၊ ၉၈၊ ဒလဘမ်း၊ သရက်ပင်ချောင်း ကျေးရွာတို့သည် ပဲခူးမြစ်နှင့် ဆက်စပ်တည်ရှိခြင်းကြောင့် ရေကြီးနစ်မြုပ်မှုများနှင့် ကြုံတွေ့ရတတ်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် ၂၀၀၈ ခုနှစ်တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်း၏ ထိခိုက်မှုကိုခံခဲ့ရသော မြို့လည်းဖြစ်သည်။ ထိခိုက်မှုများအနေဖြင့် သိုလှောင်ထားသော ကုန်ပစ္စည်းများ ပျက်စီးခြင်း၊ အိမ်များ ပြိုကျပျက်စီးခြင်း၊ နေအိမ်ခေါင်မိုးများ ပျက်စီးခြင်း၊ လှေများကွဲထွက် ပျက်စီးခြင်း၊ တိရစ္ဆာန်များ သေကြေပျက်စီးခြင်း၊ စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၊ ဆေးရုံများပျက်စီးခြင်းနှင့် ၈၇ ရပ်ကွက်တွင် ခေါင်မိုးများပျက်စီးပြီး လူသေဆုံးမှုရှိခဲ့သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းအနေဖြင့် ဖွံ့ဖြိုးရေးနှင့် ဆက်စပ်ပြီး ယခင်မြေသားလမ်းမှ လမ်းပိုကောင်းလာသည်။ ဆက်သွယ်ရေးပိုင်းလည်း ပိုမိုကောင်းလာသည်။

## ၃-၁။ သဘာဝဘေးအန္တရာယ် လေ့လာဆန်းစစ်ချက် (Hazard Assessment)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် တည်နေရာ၊ ပထဝီအနေအထား၊ ရာသီဥတု၊ မြို့တည်ထောင်မှု၊ ယခင်ကလည်း ဘေးအမျိုးမျိုးတို့ကြောင့် ပျက်စီးဆုံးရှုံးမှုများစွာဖြင့် ရင်ဆိုင်ခဲ့ရသည့် ဘေးဖြစ်စဉ်သမိုင်းများကိုသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့မှပံ့ပိုးမှုဖြင့် အောက်တွင်ဖော်ပြထားသည့် မြို့နယ်တွင်း ကျရောက်နိုင်သော ဘေးအန္တရာယ်များမှာ-

(၁) မုန်တိုင်း၊ ဆိုင်ကလုန်းဘေး

(၂) ရေကြီးမှုဘေး

(၃) မီးဘေး

(၄) လျှင်ဘေး

(၅) မိုးကြိုးဘေးတို့ ဖြစ်ပါသည်။

### အန္တရာယ်များနှင့် အန္တရာယ်ကျရောက်လွယ်မှု


### ၃-၁-၁။ မုန်တိုင်း၊ ဆိုင်ကလုန်းဘေး

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် မြေပြန့်ဒေသတွင်တည်ရှိပြီး မြို့နယ်၏ ဘေးတစ်လျှောက်လုံးကို ပဲခူးမြစ်စီးဆင်းနေသည်။ မြစ်နဘေးတွင်တည်ရှိခြင်းကြောင့် မြစ်ရေကြီးခြင်းများ မကြာခဏ ဖြစ်ပေါ်လေ့ရှိသည်။ ထို့ပြင် လေပြင်းများ ပြင်းထန်စွာတိုက်ခတ်တက်ပြီး မိုးတိမ်တောင်များဖြစ်ပေါ်ပြီး နောက်ဆက်တွဲ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်လေ့ရှိ

သည်။ အထူးသဖြင့် မိုးရွာသွန်းပြီးနောက် လေပြင်းများနှင့် မုန်တိုင်းတိုက်ခတ်လေ့ရှိပြီး လေဘေးမကျရောက်မီ ကြိုတင်ခန့်မှန်းနိုင်သော ထူးခြားဝိသေသများမှာ ထင်ရှားခြင်းမရှိပေ။ ထို့အပြင် မြို့ရွာလူထုများရှိ အချို့သော ရပ်ကွက်များသည် မြစ်အနီးတွင်တည်ရှိသောကြောင့် မုန်တိုင်းကျရောက်ပါက ထိုရပ်ကွက်များတွင်နေထိုင်သော ရပ်ရွာလူထုများတွင် ကမ်းပြိုခြင်းများ၊ မြစ်ရေတက်ခြင်းများကို အခြားရပ်ကွက်များထက် ပိုမိုခံစားရသည်။

ယခင်တွေ့ကြုံခဲ့သည့် ဘေးများအပေါ်အခြေခံ၍ သုံးသပ်ရလျှင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း နေထိုင်ကြသော ပြည်သူအနည်းစုသာလျှင် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သောအသိပညာ၊ ဗဟုသုတများရှိပြီး အများစုမှာ သဘာဝဘေးနှင့် သက်ဆိုင်သော ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အားနည်းသည်ကို တွေ့ရှိရသည်။

## ပုံ (၂) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မုန်တိုင်း၊ ဆိုင်ကလုန်းဘေး ဘေးအန္တရာယ်ကျရောက်နိုင်ခြေပြမြေပုံ





Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

**၃-၁-၂။ ရေကြီးမှုဘေး**

ရေကြီးမှုဘေးသည် မိုးသည်းထန်စွာရွာသွန်းခြင်း၊ မြစ်ရေကြီးခြင်း၊ ဆည်များကျိုးပေါက်ခြင်း၊ လေမုန်တိုင်းနှင့် အတူရေကြီးခြင်း၊ ဆူနာမီကြောင့်ရေကြီးခြင်းများကြောင့် ဖြစ်ပေါ်စေပါသည်။ မြစ်ဝှမ်းလွင်ပြင် ကမ်းရိုးတန်းဒေသများနှင့် မြေနိမ့်ပိုင်းများအား အဓိကထိခိုက်စေနိုင်ပါသည်။ အဆောက်အဦ၊ စားနပ်ရိက္ခာ၊ အသုံးအဆောင်များ၊ ရေနစ်ပျက်စီးခြင်း၊ အဆောက်အဦငယ်များရေနှင့် မျောပါပျက်စီးခြင်း၊ ရေနှင့် မျောပါလာသောသစ်တုံး၊ သစ်ပင်များဝင်တိုက်သဖြင့် အဆောက် အဦများ ပြိုကျခြင်း၊ ပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရထားလမ်း၊ ကားလမ်း၊ လျှပ်စစ်မီးတိုင်၊ တံတားအစရှိသော အခြေခံအဆောက်အဦများ ပျက်စီးပြီး၊ လမ်းပန်းဆက်သွယ်မှုများပြတ်တောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးထိခိုက် ခြင်းများ၊ လူနှင့်ကျွဲ၊ နွားတိရိစ္ဆာန်များ ရေနစ်သေဆုံးခြင်းများ၊ အအေးမိရောဂါ၊ သောက်သုံးရေများ ညစ်ညမ်းပြီး ဝမ်း ရောဂါ အမျိုးမျိုးဖြစ်ပွားခြင်းများ၊ စိုက်ပျိုးသီးနှံများပျက်စီးမှု၊ မြေများ အငန်ဓာတ်ဝင်ပြီး နှစ်အတန်ကြာ စိုက်ပျိုးမရခြင်း များကြောင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်ပါသည်။ မြို့နယ်တွင်း ရေကြီးမှုဘေး ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် နှစ်စဉ် ဇူလိုင်မှ နိုဝင်ဘာအထိ ရေကြီးမှုဘေးကို ရင်ဆိုင်ရသောမြို့နယ်ဖြစ် သည်။ ထိခိုက်မှုများမှာ မြေနိမ့်ဒေသရှိအိမ်များ ရေမြုပ်ပြီး နေထိုင်ရန် ခက်ခဲမှုများရှိခြင်း၊ တိရစ္ဆာန်များအား ပြောင်းရွှေ့ထား ခြင်းများ၊ စာသင်ကျောင်းများအား ယာယီပိတ်ထားခြင်းများ၊ သက်ကြီးရွယ်အိုနှင့် ကလေးများနေထိုင်ရေး အခက်အခဲများ ကြုံတွေ့ရတတ်သည်။ ပြန်လည်ထူထောင်ခြင်းအနေဖြင့် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ရေကာတာများ တည်ဆောက်ခြင်း၊ ရေကာတာများအား ပြန်လည်တူးဖော်ခြင်း၊ အိမ်များအား၂-ပေ၊ ၃-ပေ အမြင့်တည်ဆောက်ခြင်း လုပ်ငန်းများအား လုပ် ဆောင်ကြရသည်။

## ပုံ (၃) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ရေကြီးမှုဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ




## ၃-၁-၃။ မီးဘေး

မီးလောင်ခြင်းဆိုသည်မှာ အပူ၊ လောင်စာနှင့် အောက်ဆီဂျင်တို့ ဓာတ်ပြုခြင်းကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ မီးလောင်မှုဖြစ်စေသော အကြောင်းရင်းမှာ နေအိမ်များတွင်ဖြစ်ပေါ်သော မတော်တဆမှုများ (လျှပ်စစ်ပစ္စည်းများ ခံနိုင်ရည်ဝန်အားထက် ပိုမိုအသုံးပြုခြင်း၊ လောင်စာဆီမှ မီးလောင်ခြင်း၊ ဆေးလိပ်မီးကို မဆင်မခြင် စွန့်ပစ်ခြင်း၊ သောက်ခြင်း၊ အပူပေးသောပစ္စည်းများကို မဆင်မခြင်ပေါ့ဆစွာ အသုံးပြုခြင်း၊ ခေတ်မီလျှပ်စစ်ပစ္စည်းများကို အသုံးပြုမှုနည်းပါးခြင်းနှင့် သတိမေ့လျော့ခြင်း၊ မီးဖိုမီးသုံးရာတွင် ပေါ့ဆခြင်း၊ မီးလောင်လွယ်သော အိမ်ဆောက်ပစ္စည်းများကို အသုံးပြု ခြင်း၊ မီးလောင်လွယ်သော အမှိုက်များကို စည်းကမ်းမဲ့စုပုံထားမှု)နှင့် (လူတို့ကြောင့်လောင်ကျွမ်းခြင်းနှင့် သဘာဝအလျောက် လောင်ကျွမ်းခြင်း)၊ အဖျက်အမှောက်သဘောဖြင့် လောင်စေသော ရှို့မီးတို့ ဖြစ်ပါသည်။

လူနေထူထပ်ခြင်း၊ မီးဘေးကြိုတင်ပြင်ဆင်ခြင်း အထောက်အကူပြု မီးငြိမ်းသတ်ကိရိယာများ မပြည့်စုံခြင်း၊ စက်ရုံအလုပ်ရုံ ပေါ်များခြင်းနှင့် ကြိုတင်ပြင်ဆင်မှုအအနေဖြင့် ဓာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်မှုမရှိခြင်း စသည့် အချက်တို့ကြောင့် မီးဘေးအန္တရာယ်မှ ကျရောက်နိုင်ခြေများသည်ကို တွေ့ရှိရသည်။

မီးဘေးကြောင့် လူ(မီးလောင်နေသော အဆောက်အအုံတွင်ပိတ်မိသော)များနှင့် တိရစ္ဆာန်များ၏ အသက်များဆုံးရှုံးခြင်း၊ လူနေအိမ်ခြေများ၊ စက်ရုံအလုပ်ရုံများ၊ လုပ်ငန်းခွင်နေရာများ၊ အိမ်သုံးပစ္စည်းများနှင့် စားနပ်ရိက္ခာများပျက်စီးဆုံးရှုံးခြင်း၊ မီးလောင်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း။ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးလုပ်ငန်းများ ထိခိုက်ခံရခြင်းတို့ ဆုံးရှုံးနိုင်ပါသည်။ ဒဂုံဆိပ်ကမ်းမြို့နယ်သည် စက်ရုံ၊ အလုပ်ရုံများ ပေါ်များခြင်းကြောင့် မီးဘေးအန္တရာယ် များနိုင်သည်ကို တွေ့ရသည်။ မီးဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားသည်။

## ပုံ (၄) ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ



### ၃-၁-၄။ ငလျင်ဘေး


မြေငလျင်ဆိုသည်မှာ မြေကြီးတုန်ခါမှုဖြစ်ခြင်းကို ခေါ်ဆိုခြင်းဖြစ်ပါသည်။ ဘူမိဗေဒဘာသာရပ်တွင် မြေထုချပ် (Plate)ဟုခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့်တစ်ခု တွန်းတိုက်မိရာမှ တစ်ခုက အခြားတစ်ခုအောက်သို့ ငုံ့လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါတွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်း စုစည်းမိလာကာတစ်ချိန်တွင် စုစည်းမိသောအားများ ရုတ်တရက် ရုန်းကန်၍အဘက်ဘက်သို့ ပြန့်ထွက်သွားပါသည်။ အဆိုပါအားများ (စွမ်းအင်အား)ဖြတ်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍သွားသည်ကို မြေငလျင်လှုပ်သည်ဟု ခေါ်ဆိုကြပါသည်။ မီးတောင်ပေါက်ကွဲခြင်း၊ မြေအောက်မိုင်းခွဲခြင်း၊ အာကာသမှ ဥက္ကာခဲများ ကမ္ဘာမြေပေါ်သို့ကျခြင်းတို့ကြောင့်လည်း မြေငလျင်များလှုပ်တတ်ပါသည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းမြေငလျင်ကြော၊ ကဘော်မြေငလျင်ကြော၊ ဖာပွန်မြေငလျင်ကြော၊ ကျောက်ကြမ်းမြေငလျင်ကြောနှင့် အခြားမြေငလျင်ကြောငယ်လေးများကြောင့် မြေငလျင်လှုပ်ရှားမှုများ ဖြစ်ပွားခဲ့ခြင်းကို လေ့လာတွေ့ရှိရသည်။

နှစ် ၅၀ အတွင်း ၁၀ ရာခိုင်နှုန်း ဖြစ်နိုင်ခြေရှိသော PSHA (Yangon) အစီရင်ခံစာအရ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၏ မြေငလျင်အရှိန်အား PGA (0.41 - 0.5) ဂျီအတွင်း တည်ရှိနေပါသည်။ ထို့အပြင် ဇုံ (V) ပြင်းထန်ဇုံတွင်တည်ရှိနေပြီး ငလျင်လှုပ်ခတ်ပါက အပျက်အစီး များနိုင်ပါသည်။ အဆောက်အဦ အမြင့်များတည်ရှိခြင်း၊ စက်မှုဇုံများတည်ရှိခြင်း တို့ကြောင့် ငလျင်ဘေးကြောင့်ပိုမိုထိခိုက်နိုင်သည့် မြို့နယ်ဖြစ်သည်။ ထို့အပြင် နောက်ဆက်တွဲ မီးဘေးအန္တရာယ်သည်လည်း သတိထားရမည့်အန္တရာယ် ဖြစ်ပါသည်။ မြစ်ဘေးတွင်တည်ရှိခြင်းကြောင့်လည်း ကမ်းပါးပြိုဘေးမှာလည်း နောက်ဆက်တွဲဘေး ဖြစ်လာနိုင်ပါသည်။

(အရင်းအမြစ် – UN-Habitat ၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ ပြုစုထားသော ၂၀၁၅ ခုနှစ် အစီရင်ခံစာ Developing Probabilistic Seismic Hazard Map of Yangon, Yangon Region)

ငလျင်ဘေးကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင် ဖော်ပြထားသည်။

## ပုံ (၅) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် ငလျင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ




**၃-၁-၅။ မိုးကြိုးဘေး**

မိုးကြိုးပစ်ခြင်းဆိုသည်မှာ တိမ်တစ်ခုမှတစ်ခုအကြားတွင်လည်းကောင်း၊ တိမ်တိုက်တစ်ခု အတွင်းမှာသော်လည်းကောင်း၊ တိမ်တိုက်နှင့်မြေပြင်ကြားမှာသော်လည်းကောင်း၊ လျှပ်စစ်ဓာတ်ကူးခြင်းကို ခေါ်ပါသည်။ မိုးကြိုးဖြစ်ပေါ်နိုင်သော အချိန်ကာလမှာ မိုးကြိုကာလဖြစ်သော (ဧပြီလ၊ မေလ)နှင့် မိုးနှောင်းကာလဖြစ်သော (အောက်တိုဘာလနှင့် နိုဝင်ဘာလ) များတွင် ဖြစ်ပွားနိုင်သည်။ သတိပြုရန်မှာ မိမိနေထိုင်ရာ အနီးတစ်ဝိုက်တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီးနောက် မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ မကြာခဏဖြစ်ပေါ်ပါက မိုးကြိုးပစ်နိုင်သည့် အန္တရာယ်ရှိနိုင်သည်။

မိုးကြိုးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြေများသော ကာလများတွင် ကြိုတင်ကာကွယ်ရေးအနေဖြင့် သစ်ပင်၊ ဓာတ်တိုင်အနီးတွင် နေခြင်းနှင့်သံ/သတ္တုပစ္စည်းများကို ကိုင်ထားခြင်း၊ ၎င်းတို့၏အနီးတွင် နေထိုင်ခြင်းများကို ရှောင်ရှားသင့်သည်။ ပင်လယ်၊ မြစ်ချောင်းနှင့် အင်းအိုင်တို့တွင် ရောက်ရှိပါက အမြန်ဆုံးကမ်းပေါ်သို့တက်၍ အိမ်(သို့မဟုတ်) လုံခြုံသော အမိုးအကာအောက်တွင်နေပါ။ အမြင့်တွင် မနေသင့်ပါ။ ထို့အပြင် အိမ်အတွင်းတွင်ရှိနေပါက လျှပ်စစ်ပစ္စည်းများကို အသုံးမပြုဘဲ ပလပ်များဖြုတ်ထားခြင်း၊ လျှပ်စီးနိုင်သော ရေပိုက်နှင့် ရေဆေးခွက်များအနီးတွင် နေထိုင်ခြင်းမှ ရှောင်ရှားပါ။ အဆောင်အအုံများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားသင့်သည်။

မိုးကြိုးပစ်ခံရပါက အသက်သေဆုံးခြင်း၊ အသက်ရှင်ကျန်ပါက ဒုက္ခိတဖြစ်သွားနိုင်ပြီး မိုးကြိုးသင့်သော တဲအိမ်များမှ နောက်ဆက်တွဲ မီးလောင်ခြင်း ဆက်လက်ဖြစ်ပေါ်နိုင်သည်။ မြို့နယ်မှာ သဘာဝတရားအရ ရာသီဥတုအပြောင်းအလဲမြန်ခြင်း၊ အပူချိန်မြင့်ခြင်းနှင့် မိုးကြိုးဘေးမှာ ယခု (၃) နှစ်အတွင်း ယခင်ကထက် ပိုမိုများလာပြီး အသက်ဆုံးရှုံးမှုများရှိသည်ဟု မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ သိရှိရပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း မိုးကြိုးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံကို အောက်တွင်ဖော်ပြထားပါသည်။

## ပုံ (၆) ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မိုးကြိုးဘေးအန္တရာယ် ကျရောက်နိုင်ခြေပြမြေပုံ



## ၃-၂။ အန္တရာယ်ကျရောက်လွယ်မှု လေ့လာဆန်းစစ်ချက် (Vulnerability Assessment)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ ပထဝီအနေအထားအရ မြစ်ကမ်းနဘေးတွင်တည်ရှိသဖြင့် ရေလွှမ်းမိုးမှုများ ကျရောက်လေ့ရှိပါသည်။ မြေပြန့်လွင်ပြင်ဖြစ်သောကြောင့် မိုးဦးရာသီနှင့် မိုးနှောင်းကာလရာသီတို့တွင် လေပြင်းများတိုက်ခိုက်နိုင်ပါသည်။ မြို့နယ်အတွင်းရှိ လူနေရပ်ကွက်များတွင် ပူပြင်းခြောက်သွေ့သော နွေရာသီတွင်မီးလောင်မှုအန္တရာယ် ဖြစ်ပွားနိုင်သဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လျှင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အလိုက် ကြိုတင်ကာကွယ်ရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်ထားရှိပါသည်။ လုပ်ငန်းစီမံချက်ရေးဆွဲရာတွင် လိုအပ်သည့်ဘေးအန္တရာယ်ကျရောက်မှု လေ့လာဆန်းစစ်ချက်(Vulnerability Assessment) လုပ်ဆောင်ရာတွင် ကျရောက်နိုင်သည့် ဘေးအန္တရာယ်အမျိုးမျိုးအတွက် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ၊ လူမှုစီးပွားဆိုင်ရာ၊ စီးပွားရေးဆိုင်ရာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်ကျရောက်လွယ်မှုများကို အခြေခံ၍ လေ့လာသုံးသပ်ထားပါသည်။

### ၃-၂-၁။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

ရုပ်ဝတ္ထုပိုင်းဆိုင်ရာတွင် အချက်အလက်များတွင် ကျေးရွာများ၏တည်နေရာ၊ ဒေသသို့သွားရောက်ရန် ဆက်သွယ်ရေးနှင့် နေထိုင်ရာ အဆောက်အဦအမျိုးအစားများ ပါဝင်ပါသည်။

(က) **နေထိုင်ရာအဆောက်အဦ အမျိုးအစား။** ။ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အချက်အလက်ကောက်ယူထားသော စာရင်းဇယားများအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ နေအိမ်အဆောက်အဦ အမျိုးအစားများနှင့် ရာနှုန်းများမှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။ သစ်သားအိမ်နှင့် ဝါးအိမ်များမှာ ရာခိုင်နှုန်းအများစုဖြစ်သောကြောင့် မီးဘေး၊ လေပြင်းဘေးတို့အတွက် စိုးရိမ်ရဖွယ်ရှိသည်။ ထို့ပြင် တဲအိမ်ရာခိုင်နှုန်းမှုလည်း (၁၆.၁၁) ဖြစ်ခြင်းကြောင့် မနည်းသည့်ရာခိုင်နှုန်းဖြစ်ပြီး အလားတူဘေးတို့အတွက် ကြိုတင်ပြင်ဆင်ထားရမည်။ အုတ်အိမ်နှင့် အိမ်ကြီးများသည် ၈ ရာခိုင်နှုန်းဝန်းကျင် အသီးသီးရှိကြပြီး ခိုင်ခန့်မှုအားနည်းပါက ငလျင်ဘေးအတွက် အန္တရာယ်ရှိနိုင်သည်။

| စဉ် | နေအိမ်အဆောက်အဦ | အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | အုတ် | ၂၄၈၇ | ၇.၇၆ |
| ၂။ | အိမ်ကြီး | ၂၈၀၃ | ၈.၇၅ |
| ၃။ | သစ်သားအိမ် | ၁၁၄၁၃ | ၃၅.၆၁ |
| ၄။ | ဝါးအိမ် | ၁၀၁၈၇ | ၃၁.၇၈ |
| ၅။ | တဲအိမ် | ၅၁၆၂ | ၁၆.၁၁ |
| | စုစုပေါင်း | ၃၂၀၅၂ | ၁၀၀ |

### ၃-၂-၂။ လူမှုစီးပွားရေးဆိုင်ရာကြောင့် အန္တရာယ်ကျရောက်လွယ်မှု

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး စက်မှုဇုန်(၂)ခုဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုရှိသော မြို့နယ်တစ်ခုဖြစ်ပါသည်။ စက်မှုဇုံများတည်ရှိခြင်း၊ စက်ရုံပေါင်း ၁၀၃ ခုရှိခြင်းကြောင့် မီးဘေးအန္တရာယ် ရှိသည့်အပြင် ငလျင်ဘေးဖြစ်ပွားပါက နောက်ဆက်တွဲဘေးအန္တရာယ်ကြောင့် အပျက်အစီးများနိုင်သည်။ မြို့နယ်၏ အဓိကထွက်ကုန်များမှာ ဆန်စပါးဖြစ်ပြီး ဈေးကွက်အများဆုံး တင်ပို့ရောင်းချပါသည်။ လူမှုစီးပွားဆိုင်ရာ အချက်အလက်များတွင် ပညာရေးနှင့် မိသားစုဝင်ငွေကို ထည့်သွင်းတင်ပြထားပါသည်။

(က) **ပညာရေး** ။ ။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပညာရေးဌာနမှ ရရှိသောအချက်အလက်များအရ မြို့နယ်တွင် ကောလိပ်ကျောင်းတစ်ခုရှိပြီး ကျောင်းသူ၊ ကျောင်းသား အင်အားမှာ (၅၈၁) ဦးအထိရှိသည်။ မြို့နယ်တွင် အထက်

တန်းကျောင်း (၃) ကျောင်း၊ အလယ်တန်းကျောင်း (၄) ကျောင်း၊ မူလတန်းကျောင်း (၁၁) နှင့် မူလတန်းကြိုကျောင်း (၈) ကျောင်းရှိပြီး ဆရာ၊ ဆရာမနှင့် ကျောင်းသား၊ ကျောင်းသူ အင်အားအချိုးမှာ ၁း၄ ဖြစ်သည်။

(ခ) **မိသားစုဝင်ငွေ** ။ ။ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အချက်အလက်ကောက်ယူထားသော စာရင်းဇယားများအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် ၅၆ ရာခိုင်နှုန်းသောမိသားစုများသည် တစ်ရက်လျှင် ပျမ်းမျှဝင်ငွေမှာ (၃၀၀၀) ကျပ်ရှိပြီး ၄၄ ရာခိုင်နှုန်းသော မိသားစုများ၏ အနိမ့်ဆုံးဝင်ငွေမှာ (၁၀၀၀) ကျပ်ဖြစ်သည်။ ဥပဒေအရပြဋ္ဌာန်းထားသော အနိမ့်ဆုံးလုပ်ခလစာထက် နည်းသည်ကိုတွေ့ရှိရသည်။ သို့ပါသောကြောင့် ဝင်ငွေနည်းမိသားစုအတွက် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် အားနည်းနိုင်ပြီး ပညာရေးကဏ္ဍတွင်ပါ ဆက်စပ်ထိခိုက်နိုင်သည်။

### ၃-၂-၃။ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် စက်မှုလက်မှုလုပ်ငန်း ဆောင်ရွက်နိုင်သော မြို့ဖြစ်သောကြောင့် စက်ရုံများအများအပြားရှိသည်။ ထို့အပြင် စက်မှုဇုံ (၁) ခုရှိပြီး အပိုင်း (၁)နှင့် အပိုင်း (၂)ရှိပြီး စက်ရုံ၊ အလုပ်ရုံများ၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တည်ရှိခြင်းကြောင့် လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်ပြီး အချို့ရပ်ကွက်များတွင် တဲအိမ်များနှင့် နီးကပ်စွာ တည်ရှိခြင်းတို့ကြောင့်လည်း ရုံဖန်ရံခါ မီးလောင်မှုများလည်း ဖြစ်ပေါ်ကြုံတွေ့ရတတ်ပါသည်။ ပေါ့ဆမှုနှင့် မမျှော်လင့်နိုင်သော သဘာဝဘေးအန္တရာယ်တစ်ခုခု ကြုံတွေ့ရင်ဆိုင်ရပါက ပြည်သူလူထုအသက် အိုးအိမ်စည်းစိမ် ဆုံးရှုံးလျော့နည်းရေးအတွက် စီမံချက်ရေးဆွဲ တာဝန်ပေးအပ် ဆောင်ရွက်မည်ဖြစ်ပါသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်ကျရောက်လွယ်မှု မကျရောက်စေရန် အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများနှင့်မြစ်ထွက်ပေါက်များအား အမှိုက်များ ပိတ်ဆို့မှု မရှိစေရေးဆောင်ရွက်ခြင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၃-၃။ စွမ်းဆောင်ရည် လေ့လာဆန်းစစ်ချက် (Resource Mapping/Capacity Assessment)

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် သဘာဝဘေးကြောင့် အသက်ဆုံးရှုံးခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်ပစ္စည်း၊ မွေးမြူရေးတိရစ္ဆာန်များ ဆုံးရှုံးခြင်းစသည့် ချက်ချင်းလတ်တလော ဆုံးရှုံးခြင်းများအပြင် အသက်မွေးမှုလုပ်ငန်းများပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေးလုပ်ငန်းများထိခိုက်ခြင်း၊ လမ်းတံတား၊ သောက်သုံးရေ၊ လျှပ်စစ်မီးစသည့် အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးစေခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်းစသည့် ကာလအတန်ကြာ ထိခိုက်မှုများကိုပါ ဖြစ်ပေါ်စေပါသည်။ ထိုကဲ့သို့ ထိခိုက်မှုများ မဖြစ်ပွားစေရန်နှင့် ဖြစ်ပွားလာပါက အချိန်မီတုံ့ပြန်ရင်ဆိုင်မှုများ၊ ဘေးလျော့ပါးမှုလုပ်ငန်းများ အချိန်မီလုပ်ဆောင်နိုင်ရန်အတွက် ရုပ်ဝတ္ထုပစ္စည်းများနှင့် လူသားအရင်းအမြစ်များကို လေ့လာထားပါသည်။

### ၃-၃-၁။ တည်နေရာနှင့် သွားလာရေးလွယ်ကူမှု

ရန်ကုန်မြို့နယ်၏ မြို့တစ်မြို့ဖြစ်သောကြောင့် သွားလာရလွယ်ကူပြီး အချိန်မရွေး ကားဖြင့်သွားလာ၍ရသော မြို့နယ်ဖြစ်သည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် အခြားဒေသများသို့ကုန်းလမ်း၊ ရေကြောင်းလမ်းများဖြင့် သွားလာနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သော မြို့နယ်ဖြစ်ပါသည်။

### ၃-၃-၂။ သောက်သုံးရေရရှိမှု အခြေအနေများ

ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ အချက်အလက်ကောက်ယူထားသော စာရင်းဇယားများအရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း သောက်သုံးရေရရှိမှုသည် မြေအောက်ရေ အဝီစိတွင်းများနှင့် ရေကန်များမှရေကို အသုံးပြုကြသည်။

### ၃-၃-၃။ ဘေးအန္တရာယ်ကျရောက်ပါက ခိုလှုံရာနေရာများ။

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် မုန်တိုင်းနှင့်ရေကြီးခြင်းများအား အရေးပေါ်ကြုံလျှင် ရှောင်ပြေးရန်လမ်းကြောင်းများကို ပြည်သူလူထုအားလုံးအား အရေးပေါ်ခိုလှုံရာနေရာများကို ကြိုတင်သိရှိ အသိပေးထားရန် လိုအပ်ပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် အရေးပေါ်ခိုလှုံရရန် ဘာသာရေးဆိုင်ရာ အဆောက်အဦများအနေဖြင့် ဘုန်းကြီးကျောင်း (၄၉) ကျောင်းနှင့် သီလရှင်ကျောင်းပေါင်း (၇) ကျောင်းနှင့် စာသင်ကျောင်း (၁၂)ကျောင်း ရှိပါသည်။

### ၃-၃-၄။ လူ့စွမ်းအားအရင်းအမြစ်များ။

ကျေးရွာများအထိ ကြိုတင်သတိပေးချက်များထုတ်ပြန်ခြင်း၊ အရေးပေါ်ရွှေ့ပြောင်းရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်တုံ့ပြန်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်အတွက် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ကြက်ခြေနီလူငယ်များ၊ အရန်မီးသတ်အဖွဲ့များ၊ သာရေး နာရေးအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များအား၏ အင်အားများကို အသုံးပြုနိုင်ပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ပြည်တွင်း၊ ပြည်ပလူမှုရေး အသင်းများစာရင်းကို နောက်ဆက်တွဲ (၆)တွင် ဖော်ပြပေးထားပါသည်။

# အခန်း [ ၄ ]

# သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မြို့နယ်အတွင်း ဖွဲ့စည်းထားရှိမှုများ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၏ သဘာဝဘေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စနစ်တကျနှင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် ၄င်း၏လက် အောက်တွင်လုပ်ငန်းဆိုင်ရာ လုပ်ငန်းကော်မတီ (၁၀)ဖွဲ့ကို ဖွဲ့စည်းထားပါသည်။ မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၏ အတွင်းရေးမှူးသည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းများဆောင်ရွက်ရာတွင် အစိုးရဌာနများ၊ ကုသမဂ္ဂအဖွဲ့အ စည်းများ၊ ပြည်တွင်း/ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းတို့လုပ်ဆောင်ရန် အဓိကဆက်သွယ်ရမည့်ပုဂ္ဂိုလ် (Focal Person) အဖြစ် တာဝန်ယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၄–၁။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းထားရှိမှု

ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းပါသည်–

(က) မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းမှု

| | | |
|---|---|---|
| ၁။ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ရဲစခန်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃။ | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ဦးစီးအရာရှိ၊ မြို့နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၆။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၈။ | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၉။ | ဦးစီးအရာရှိ၊ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၀။ | ဦးစီးအရာရှိ၊ မြို့နယ်ဆက်သွယ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၁။ | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၁၂။ | ဦးစီးအရာရှိ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၁၃။ | ဒု-ဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၁၄။ | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အတွင်းရေးမှူး |

**အပိုင်း(၁) လုပ်ငန်းကော်မတီများဖွဲ့စည်းမှုအား အောက်ပါအတိုင်းဖွဲ့စည်း ဆောင်ရွက်ပါမည်။**

၁။ သတင်းနှင့် ပညာပေးလုပ်ငန်းကော်မတီ
၂။ အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ
၃။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ
၄။ ပျက်စီးမှုပမာဏသတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းကော်မတီ
၅။ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးလုပ်ငန်းကော်မတီ
၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီ
၇။ ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာ ထူထောင်ရေးလုပ်ငန်းကော်မတီ
၈။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ
၉။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ
၁၀။ လုံခြုံရေးလုပ်ငန်းကော်မတီ

## ၄-၂။ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု

**၁။ သတင်းနှင့်ပညာပေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | ဒုဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ပညာရေးမှူး၊ မြို့နယ်ပညာရေး ဦးစီးဌာန | အဖွဲ့ဝင် |
| ၃။ | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၄။ | ဦးစီးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | မြို့နယ် ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၆။ | ဦးစီးမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | တာဝန်ခံ၊ မြို့နယ်စာနယ်ဇင်းအဖွဲ့ | အဖွဲ့ဝင် |
| ၈။ | သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၉။ | ကြီးကြပ်ရေးမှူး၊ မြို့နယ်ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၀။ | မြို့နယ်ဓာတ်ပုံသတင်းထောက် | အဖွဲ့ဝင် |
| ၁၁။ | သက်ဆိုင်ရာရပ်/ကျေးစာရေးများ | အတွင်းရေးမှူး |

**၂။ အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | မြို့နယ်စခန်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့ | ဥက္ကဋ္ဌ |
| ၂။ | ရဲအုပ်၊ မြို့နယ်ယာဉ်ထိန်းရဲအဖွဲ့ | အဖွဲ့ဝင် |
| ၃။ | မြို့နယ်တပ်ဖွဲ့မှူး၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၄။ | ဦးစီးအရာရှိ၊ မြို့နယ်မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ကြီးကြပ်ရေးမှူး၊ မြို့နယ်ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၆။ | လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၇။ | ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၈။ | ဒု မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၃။ ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| ၁။ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ကျန်းမာရေးမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃။ | ဦးစီးအရာရှိ၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၅။ | စခန်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့စခန်း | အဖွဲ့ဝင် |
| ၆။ | ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၇။ | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| ၈။ | ဦးစီးအရာရှိ၊ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၉။ | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၁၀။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အတွင်းရေးမှူး |

## ၄။ ပျက်စီးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| ၁။ | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံကိန်း ဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး | အဖွဲ့ဝင် |
| ၃။ | ဦးစီးအရာရှိ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ဆိုင်ရာ ရပ်မိ၊ ရပ်ဖများ | အဖွဲ့ဝင် |
| ၇။ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

## ၅။ ပျက်စီးဆုံးရှုံးမှု အတည်ပြုရေးလုပ်ငန်းကော်မတီ

| | | |
|---|---|---|
| ၁။ | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ် စီမံကိန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၃။ | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအသင်း | အဖွဲ့ဝင် |
| ၄။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၆။ | ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ | အဖွဲ့ဝင် |
| ၈။ | ဦးစီးအရာရှိ၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| ၉။ | လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၁၀။ | ဦးစီးအရာရှိ၊ မြို့နယ်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

**၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | စခန်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်း | အဖွဲ့ဝင် |
| ၃။ | လျှပ်စစ်အင်ဂျင်နီယာ၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ကြီးကြပ်ရေးမှူး၊၊ မြို့နယ် ဆက်သွယ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| ၆။ | မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၇။ | ရဲအုပ်၊ မြို့နယ် ယာဉ်ထိန်းရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၈။ | တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၉။ | ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၁၀။ | ဦးစီးအရာရှိ၊ မြို့နယ်သမဝါယမဦးစီးဌာန | အတွင်းရေးမှူး |

**၇။ ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ်အခိုအကာထူထောင်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃။ | ဦးစီးမှူး၊ မြို့နယ် မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၅။ | ဒုဦးစီးမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ | အဖွဲ့ဝင် |
| ၇။ | တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အတွင်းရေးမှူး |

**၈။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | တပ်ဖွဲ့မှူး၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ | အဖွဲ့ဝင် |
| ၃။ | ဥက္ကဋ္ဌ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| ၄။ | ဒုဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန | အတွင်းရေးမှူး |

**၉။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | မြို့နယ်ကျန်းမာရေးမှူး၊ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၃။ | တပ်ဖွဲ့မှူး၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | မြို့နယ်အင်ဂျင်နီယာ၊ မြို့နယ် ဆောက်လုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | ဦးစီးမှူး၊ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၆။ | သက်ဆိုင်ရာ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး | အဖွဲ့ဝင် |
| ၇။ | လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံကိန်းဦးစီးဌာန | အတွင်းရေးမှူး |

**၁၀။ လုံခြုံရေးလုပ်ငန်းကော်မတီ**

| | | |
|---|---|---|
| ၁။ | မြို့နယ်စခန်းမှူး၊ မြို့နယ် ရဲတပ်ဖွဲ့ဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂။ | လက်ထောက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| ၃။ | ဦးစီးအရာရှိ၊ မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ၄။ | တပ်ဖွဲ့မှူး၊ မြို့နယ် မီးသတ် ဦးစီးဌာန | အဖွဲ့ဝင် |
| ၅။ | မြို့နယ်ဆိုင်ရာ ရပ်မိ၊ ရပ်ဖများ | အဖွဲ့ဝင် |
| ၆။ | စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့များ | အဖွဲ့ဝင် |
| ၇။ | ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အတွင်းရေးမှူး |

# အခန်း [ ၅ ]

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ

## ၅-၁။ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဒဏ် လျော့ပါးစေရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျနှင့် ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ တာဝန်ဝတ္တရားများကို အောက်ပါအတိုင်း အဆင့်(၃)ဆင့် သတ်မှတ်ထားပါသည်။

### ၅-၁-၁။ ဘေးမကျရောက်မီ

- မြို့နယ်၏ ယခင်က သဘာဝဘေးအန္တရာယ်များအပါအဝင် သဘာဝဘေးဖော်ပြချက်ကိုပြုစုခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လွယ်သော ဦးစားပေးနယ်ပယ်များကို ဒေသခံပြည်သူများနှင့် ဆွေးနွေးတိုင်ပင် ဖော်ထုတ်ရန်။
- မြို့နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီနှင့်လုပ်ငန်းကော်မတီများ၏ အစည်းအဝေးများကို ပုံမှန်ကျင်းပခြင်းနှင့် သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုလျော့ပါးရေးနှင့် ကြိုတင်ပြင်ဆင်ရေး အစီအမံများအား စဉ်ဆက်မပြတ် စောင့်ကြပ်ကြည့်ရှုရန်။
- သဘာဝဘေး ကြိုတင်ခန့်မှန်းခြင်းစနစ်နှင့် ကြိုတင်သတိပေးစနစ်ထူထောင်ရေး၊ ကြိုတင်သတိပေးမှုစနစ်မှ သတိပေးချက်ရရှိလာချိန်တွင် အချိန်မီ အောက်ခြေအထိဆက်လက် အသိပေးနိုင်ရေးအတွက် စီမံဆောင်ရွက်ခြင်း။
- သဘာဝဘေးအရွယ်အစားအလိုက် ပါဝင်ဆောင်ရွက်ချက်ပေးရမည့် ဌာနများ၊ အဖွဲ့အစည်းများအား သတ်မှတ်တာဝန်ပေးအပ်ခြင်း။
- ရပ်ကွက်/ကျေးရွာအုပ်စု သဘာဝဘေးစီမံခန့်ခွဲမှု ကော်မတီများဖွဲ့စည်းနိုင်ရန်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စီမံကိန်းများ စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ကြီးကြပ်ရန်။
- မိမိမြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ရပ်ရွာအခြေပြု သဘာဝဘေးအန္တရာယ် လျော့ချရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပုဂ္ဂလိကမြို့ရွာနှင့် လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ရန်အတွက် လိုအပ်သောယာဉ်များနှင့် လောင်စာများ၊ လှေများ၊ ဆေးဝါးများ၊ ပစ္စည်းကိရိယာများကို မုတ်သုန်မတိုင်မီကာလတွင် စီစဉ်ထားရှိရန်။
- ဘေးအန္တရာယ်ခံ အဆောက်အဦများအား စာရင်းပြုစုခြင်းနှင့် လိုအပ်သော သတင်းအချက်အလက်များအား စာရင်းပြုစုရန်နှင့် လိုအပ်ပါက ကြိုတင်အကြောင်းကြားရန်။

- ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၏ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို စာရင်းပြုစုထားပြီး ခရိုင်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများထံသို့ ဖြန့်ဝေပေးထားရန်။
- သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အန္တရာယ်ရှိသောနေရာများမှ စွန့်ခွာ၍ဘေးကင်းလုံခြုံသော နယ်မြေများ သတ်မှတ်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်ကျေးရွာအုပ်စုများ၊ ရပ်ရွာလူထုများနှင့် ဆွေးနွေး၍ တိုင်ပင်ရန်။
- သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက် ထိရောက်မှုအား သုံးသပ်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ရပ်ရွာလူထုများပူးပေါင်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ရန်။
- မိုးကြိုးဘေးဒဏ်မှ ကာကွယ်နိုင်ရန် အသိပညာပေး ဆွေးနွေးဟောပြောပွဲများ ပြုလုပ်ခြင်း၊ (ဥပမာ– လျှပ်စီးလက်သည့်အချိန်၊ မိုးတိမ်တောင်များ ဖြစ်ထွန်းချိန်တွင် လွင်တီးခေါင်ပြင်၊ ကုန်းမြင့်များတွင်မနေဘဲ လုံခြုံမှုရှိသော အမိုးအကာများအောက်တွင် နေထိုင်ရန် သတိပေးထားခြင်း။) နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခရိုင်အဆင့်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## ၅–၁–၂။ ဘေးကျရောက်နေစဉ်

- ကော်မတီနှင့် လုပ်ငန်းကော်မတီများအား ပေးအပ်ထားသောတာဝန်များကို စတင်ဆောင်ရွက်ခြင်းနှင့် ကော်မတီနှင့် လုပ်ငန်းကော်မတီရုံးကို ၂၄ နာရီ ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ရန်။
- အရေးပေါ်သတိပေးချက် ရရှိသည်နှင့် တစ်ပြိုင်နက် ထိခိုက်လွယ်သောနေရာတွင် နေထိုင်သော ရပ်ရွာလူထုများကို ဘေးကင်းရာသို့ လျင်မြန်စွာရွှေ့ပြောင်းပေးရန် လိုအပ်သည်များကို ကြီးကြပ်ကွပ်ကဲရန်။
- သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် မသန်စွမ်းသူများကို ဦးစွာ အန္တရာယ်ကင်းရာသို့ ပြောင်းရွှေ့ရန်။
- မြို့နယ်သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်ကွက်/ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ များနှင့်ပူးပေါင်း၍ ဖြစ်စဉ်များကို အချိန်နှင့်တပြေးညီ အထက်အဖွဲ့အစည်းများသို့ အစီရင်ခံတင်ပြရန်။
- ကောလာဟလပြန့်နှံ့မှုများအား ကာကွယ်တားဆီးရန်အတွက် လူထုကို လက်တွေ့အခြေအနေမှန်အား အသိပေးကြေညာရန်။
- အခြားအဖွဲ့အစည်းများထံမှ သတင်းအချက်အလက် စုဆောင်းခြင်းအားဖြင့် ထိခိုက်သူများအတွက် ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ကျန်းမာရေးနှင့် လုံခြုံရေးအစီအစဉ်များ ပြုလုပ်ရန်။
- ဘေးသင့်ပြည်သူများအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် ရိက္ခာ၊ သောက်သုံးရေသန့် ဆေးဝါးရရှိရေးနှင့် နောက်ဆက်တွဲအန္တရာယ်များ၊ ကူးစက်ရောဂါပြန့်ပွားမှု) မဖြစ်ပွားစေရေး စီမံဆောင်ရွက်ရန်။

## ၅–၁–၃။ ဘေးကျရောက်ပြီး

- လုပ်ငန်းကော်မတီများမှ ရရှိလာသော ပျောက်ဆုံး ဒဏ်ရာရသူ၊ သေဆုံးသူ အရေအတွက်၊ ပျက်စီးမှု၊ ဆုံးရှုံးမှုနှင့် ထိခိုက်သူများဆိုင်ရာ အချက်အလက်များကို စုဆောင်းပြုစုပြီး အထက်သို့ အစီရင်ခံတင်ပြရန်။
- လုပ်ငန်းကော်မတီ၏ ညွှန်ကြားမှုအောက်ရှိ လုပ်ငန်းကော်မတီများမှ ကော်မတီဝင်များအကြား သတင်းနှင့် အမြင်များ ဖလှယ်ရန်။
- အရေးပေါ်တုံ့ပြန်မှုများ ဆောင်ရွက်ခြင်း၊ အပျက်အစီးများကို ရှင်းလင်းပြီး ဒဏ်ရာရရှိသူများနှင့် ထိခိုက်မှုခံရသူများအား လုံခြုံစိတ်ချရသောနေများသို့ ရွှေ့ပြောင်းပေးရန် လုပ်ငန်းကော်မတီများအား စီစဉ်ညွှန်ကြားခြင်း။

- ဘေးအန္တရာယ်ကျရောက်ပြီး အလှူရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များမှ လှူဒါန်းထားသော ကယ်ဆယ်ရေး ပစ္စည်းများနှင့် ဆေးဝါးများကို လက်ခံပြီး ကယ်ဆယ်ရေးစခန်းရှိ ဘေးသင့်ပြည်သူများထံသို့ ဖြန့်ဝေပေးရန် စီစဉ် ညွှန်ကြားခြင်း။
- ယာယီစခန်းတွင် နေထိုင်စဉ်အတွင်း ဘေးသင့်ပြည်သူများအတွက် လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် လုံခြုံရေးအထောက်အပံ့များ စီစဉ်ဆောင်ရွက်ပေးရန်။
- ကျောင်းများကို ဆောလျင်စွာ ပြန်လည်ဖွင့်လှစ်ရာတွင် ကူညီဆောင်ရွက်ပေးခြင်း။
- ကယ်ဆယ်ရေးပစ္စည်းများနှင့် အကူအညီများ ဖြန့်ဝေရာတွင် အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများ၊ သက်ကြီးရွယ်အိုများ၊ မိဘမဲ့ကလေးသူငယ်များ၊ မသန်စွမ်းသူများအား ထောက်ပံ့ပစ္စည်းပေးရာတွင် အထူးဂရုပြု ထည့်သွင်းစဉ်းစားရန်။
- ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း စီမံချက်များ ရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးကဏ္ဍကို ဦးစားပေးထည့်သွင်း စဉ်းစားရန်။
- သဘာဝဘေးစီမံခန့်ခွဲရေး လုပ်ငန်းများမှရရှိလာသော ယခင်အတွေ့အကြုံများနှင့် သင်ခန်းစာများကို မှတ်တမ်း တင်ထားရန်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ပြန်လည်သုံးသပ်ရန်။
- တုံ့ပြန်မှုကို စောင့်ကြည့်စစ်ဆေး၍ မှတ်တမ်းတင်ထားရန်နှင့် ယခင်က သဘာဝဘေးအန္တရာယ်မှ ရရှိခဲ့သော သင်ခန်းစာအပေါ် အခြေပြုပြီး မြို့နယ်အဆင့် သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းစီမံချက်ကို ဖြည့်စွက်ပြင်ဆင်ရန်။
- ဆုံးရှုံးနိုင်ခြေများပြီး ထိခိုက်လွယ်သော ဒေသတွင်းနေထိုင်သော ရပ်ရွာလူထုများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြု လုပ်ပြီး လုံခြုံစိတ်ချရသော နေရာများသို့ ပြန်လည်နေရာချထားရေး အစီအစဉ်များရေးဆွဲရန်။
- ဘေးအန္တရာယ်ကျရောက်ပြီးချိန်တွင် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် လက် သမား၊ ပန်းရံစသော ကျွမ်းကျင်လုပ်သားများကို သင်တန်းများပို့ချပေးခြင်းနှင့် သင်တန်းပေးနိုင်မည့် အဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိရန်နှင့် နေရာချထားပေးရန်။
- လုပ်ငန်းကော်မတီများနှင့်ပူးပေါင်းပြီး မိသားစုပြန်လည်ပေါင်းစည်းရေး စီမံဆောင်ရွက်ပေးရန်။
- သေဆုံးသူအလောင်းများကို ဒေသခံရိုးရာထုံးထမ်းစဉ်လာအတိုင်း မီးရှို့၊ သဂြိုလ်မှုပြုလုပ်နိုင်ရေး စီမံထားရှိရန်။

## ၅-၂။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များ

### ၁။ သတင်းနှင့်ပညာပေးလုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| **ဘေးမကျရောက်မီ** |
|---|
| • မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှမှထုတ်ပြန်သော သတင်းအချက်အလက်များကို စဉ်ဆက်မပြတ် နားထောင်၍ ရပ်ရွာလူထုသို့ အသိပေးအကြောင်းကြားရန်။ |
| • ဒေသခံသက်ကြီးရွယ်အိုများမှ အတွေ့အကြုံနှင့် ဒေသန္တရအသိအမှတ်ပြု အခြေအနေဆိုင်ရာသတင်းအချက် အလက်များကို ရယူပြီး လူထုကိုအကြောင်းကြားရန်။ |
| • အဖြစ်များသော ဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲများပြုလုပ်ရန်။ (လက်ကမ်းစာစောင်၊ ပိုစတာများဝေငှခြင်း၊ ပညာပေးသရုပ်ဖော် ဇာတ်လမ်းများပြသခြင်း) |
| • သက်ဆိုင်ရာဌာနများ၏ ဆိုင်းဘုတ်၊ ကြော်ငြာသင်ပုန်းများတွင် နံရံကပ်ပိုစတာများ ပြသထားရန်။ |
| • မိမိရပ်ရွာအတွင်းမီး၊လေ၊မိုးကြိုးဘေး၊မြေပြိုဘေးနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များ၊ ဘေးအန္တရာယ် ပေါ်မူတည်၍ စိတ်ချလုံခြုံ သောအရေးပေါ် ခိုလှုံရန်နေရာသို့ရွှေ့ပြောင်းရန်တို့ကို အများပြည်သူများအား အသိပညာပေး ဆောင်ရွက်ထားရန်။ |
| • လမ်းကြောင်းပြမြေပုံများ၊ ဦးစားပေးအုပ်စုများ (သက်ကြီးရွယ်အို၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများ) ခိုလှုံရန် နေရာပြမြေပုံများ ပြုစုပြီးဖော်ထုတ်ထားရန်။ |
| • ကြိုတင်သတိပေးမှုများနှင့် အရေးပေါ်ဆက်သွယ်ရေးစနစ်ထူထောင် ရပ်ရွာလူထု သိရှိနားလည်သည်အထိ ဇာတ်တိုက်လေ့ကျင့် ထားရန်။ |
| • ဘေးကျရောက်နေချိန်တွင် ဆက်သွယ်ရမည့် လူပုဂ္ဂိုလ်များ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ၊ အထောက် အပံ့များရရှိနိုင်မည့် INGOs, NGOs, UN နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏စာရင်းနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များပြုစုထားရန်။ |
| • ဘေးမကျရောက်မီ ဘေးအန္တရာယ်အလိုက် အဆင့်သတ်မှတ်ချက်နှင့်ပြင်းအားကို နားလည်သိရှိစေရေး ပြည်သူ လူထုအား အသိပေးရန်။ |
| • ဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည်ကိုသိလျှင် ဘေးလွတ်ရာဒေသသို့ လျင်မြန်စွာပြောင်းရွှေ့ရန်အတွက် အသိပေးနှိုးဆော်ထားရန်။ |
| • ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် အရေးပေါ်ဆက်သွယ်ရမည့်စနစ် ထားရှိရန်။ |
| **ဘေးကျရောက်စဉ်** |
| • ဘေးအန္တရာယ်ကျရောက်ကြောင်း သတင်းထုတ်ပြန်၍ အခြားသော လုပ်ငန်းကော်မတီများကို အကြောင်းကြား ပြီး ချိတ်ဆက်ဆောင် ရွက်သွားရန်။ |
| • သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များအား သတ်မှတ်ထားသော နေရာအသီးသီးသို့ ပို့ဆောင်ပေးရန်အတွက် သက်ဆိုင်ရာအဖွဲ့များနှင့် ချိတ်ဆက်ပြီး စီစဉ်ဆောင်ရွက်ရန်။ |
| • နောက်ဆက်တွဲ ဘေးအန္တရာယ်များ မကျရောက်နိုင်ရန် သက်ဆိုင်ရာဌာနဆိုင်ရာများ (လျှပ်စစ်၊မီးသတ်) တို့ကို အကြောင်းကြားရန်။ |
| • ဘေးသင့်သူများ အစားအစာနှင့် သောက်သုံးရေရရှိစေရန် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ သတင်း များပေးကာ အကူအညီပေးရန်။ |

| | |
|---|---|
| • | သဘာဝဘေးခံစားနေရသူများအား ဘေးလွတ်ရာ သတ်မှတ်နေရာများသို့ အမြန်ဆုံးရောက်ရှိစေရန်၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန် သတင်းအချက်အလက်များ ပေးပို့ပိုးပေးရန်။ |
| • | သက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်၍ ဘေးအန္တရာယ် ဖြစ်စဉ်အခြေအနေ၊ အပြောင်းအလဲတို့အပေါ် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်ရန်နှင့် အထက်အဖွဲ့အစည်းများသို့ ဘေးအန္တရာယ်ဖြစ်စဉ်ကို အချိန်နှင့်တပြေးညီ တင်ပြအစီရင်ခံရန်။ |
| **ဘေးကျရောက်ပြီး** | |
| • | ဘေးသင့်ပြည်သူများ ၄င်းတို့၏မိသားစုနှင့် ပြန်လည်ပေါင်းစည်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။ |
| • | သဘာဝဘေးကျရောက်ပြီးနောက် ပျက်စီးစာရင်းများ တိကျစွာရရှိရေးအတွက် ကွင်းဆင်း၍ ဗီဒီယိုမှတ်တမ်းများ၊ စာရင်းများ ကောက်ယူခြင်းများ ဆောင်ရွက်ရန်။ |
| • | ဘေးအန္တရာယ်နှင့်ပတ်သက်သော သတင်းအချက်အလက်များကို အထက်မှညွှန်ကြားချက်နှင့်အညီ အချိန်နှင့်တပြေးညီ ထုတ်ပြန်ပေးရန်။ |
| • | ပျက်စီးဆုံးရှုံးမှုပမာဏစိစစ်ရေးနှင့် အတည်ပြုရေးလုပ်ငန်းကော်မတီမှ ရရှိလာသော ပျက်စီးဆုံးရှုံးမှုပမာဏ သတင်းများကို ထုတ်ပြန်ကြေညာပေးရန်။ |
| • | ဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ခြင်းများအား ချိတ်ဆက်အသိပေးရန်။ |
| • | ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း ပံ့ပိုးကူညီပေးခဲ့သော အဖွဲ့အစည်းများ (INGOs, NGOs, UN, CBOs)၏ လုပ်ငန်းဆောင်တာများကို မှတ်တမ်းပြုစု၍ လိုအပ်သောကဏ္ဍများကို ဖော်ထုတ်ကာအထက်သို့ တင်ပြပြီး လိုအပ်သည်များကို ဆောင်ရွက်ရန်၊ အလှူရှင်များ ပါဝင်လှူဒါန်းနိုင်ရေးအတွက် နှီးဆော်ဆောင်ရွက်ရန်။ |
| • | ကယ်ဆယ်ရေးပစ္စည်းများ မပြတ်တောက်စေရန်နှင့် အချိန်နှင့်တစ်ပြေးညီရရှိစေရန် သက်ဆိုင်ရာလုပ်ငန်းကော်မတီတို့နှင့် သတင်းပေးပို့ဆောင်ရွက်ရန်။ |

## ၂။ အရေးပေါ်ဆက်သွယ်မှု စနစ်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| | |
|---|---|
| **ဘေးမကျရောက်မီ** | |
| • | အရေးပေါ်ဆက်သွယ်ရမည့် (ခရိုင်၊ ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်ရှိ) တာဝန်ရှိပုဂ္ဂိုလ်များ၏ တယ်လီဖုန်းနံပါတ်များ၊ ဆက်သွယ်ရေးစက်များ၏ အခေါ်အဝေါ်နှင့် အခြားလိုအပ်သော အချက်အလက်များအားစုစည်း၍တာဝန်ရှိသူများထံ ဖြန့်ဝေထားရန်။ |
| • | ကြိုတင်သတိပေးပေးစနစ်များနှင့် အရေးပေါ်ဆက်သွယ်ရေးစနစ် ထူထောင်ပြီး ရပ်ရွာလူထုသိရှိနားလည်သည်အထိ ဇာတ်တိုက်လေ့ကျင့်ထားရန်။ |
| • | မုန်တိုင်းတိုက်ခတ်ရန် ကြိုတင်သတင်းရသည့်နေရာများတွင် အရေးပေါ်ဆက်သွယ်နိုင်ရန်အတွက် မုန်တိုင်းဒဏ်ခံဆက်သွယ်ရေးပစ္စည်းများအား ဖြည့်တင်းစုဆောင်းထားရှိရန်။ |
| • | ကား၊ ရေယာဉ်၊ လှေများကို ကြိုတင်ချိတ်ဆက်ထားကာ စာရင်းများထားရှိရန်၊ အရန်ဆက်သွယ်ရေးပစ္စည်းများထားရန်။ |
| • | ဘေးကျရောက်လျှင် အထောက်အပံ့များရရှိနိုင်မည့် INGOs, NGOs, UN နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စာရင်းနှင့် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ပြုစုထားရန်။ |

| ဘေးကျရောက်စဉ် | |
|---|---|
| • | ဘေးအန္တရာယ်ကျရောက်ကြောင်း သတင်းထုတ်ပြန်၍ အခြားသော လုပ်ငန်းကော်မတီများကို အကြောင်းကြားပြီး ချိတ်ဆက်ဆောင်ရွက်သွားရန်။ |
| • | နောက်ဆက်တွဲဘေးအန္တရာယ်များ မဖြစ်ပွားစေရန် သက်ဆိုင်ရာဌာနများ (လျှပ်စစ်၊ မီးသတ်စသည်) တို့ကို အကြောင်းကြားရန်။ |
| • | လူထုအဖွဲ့အစည်းများနှင့် ဝေးကွာမှုမရှိအောင် နေထိုင်ရန်အတွက် နှိုးဆော်သွားရန်။ |
| • | ဘေးအန္တရာယ်ဖြစ်စဉ်အခြေအနေ၊ အပြောင်းအလဲတို့အပေါ် စဉ်ဆက်မပြတ် စောင့်ကြည့်ကာ တုံ့ပြန်ဆောင်ရွက်ရန်နှင့် အထက်အဖွဲ့အစည်းများသို့ ဖြစ်စဉ်ကို အချိန်နှင့်တပြေးညီ တင်ပြအစီရင်ခံရန်။ |
| **ဘေးကျရောက်ပြီး** | |
| • | ဘေးသင့်ပြည်သူများ ၎င်းတို့၏မိသားစုနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန်။ |
| • | သက်ဆိုင်ရာလုပ်ငန်းကော်မီတီမှ ရရှိလာသော ပျက်စီးဆုံးရှုံးမှုပမာဏ သတင်းကို ထုတ်ပြန်ကြေညာပေးရန်။ |
| • | မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ညွှန်ကြားချက်များအတိုင်း အရေးပေါ်ဆက်သွယ်မှုစနစ် ထူထောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။ |
| • | ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း ပံ့ပိုးကူညီပေးမည့် အဖွဲ့အစည်းများ (INGOs, NGOs, UN, CBOs) နှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သောအကူအညီများ ရရှိနိုင်စေရေးအတွက် အလှူရှင်များ အသိပေးနှိုးဆော် ဆောင်ရွက်သွားရန်။ |

## ၃။ ရှာဖွေရေးနှင့်ကယ်ဆယ်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ | |
|---|---|
| • | ရှာဖွေရေးနှင့်ကယ်ဆယ်ရေးတွင် ပါဝင်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ၏ စာရင်းများကို ကြိုတင်ပြုစုထားရန်။ |
| • | ရှာဖွေရေးနှင့်ကယ်ဆယ်ရေးတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများကို ကြိုတင်စုဆောင်းထားပြီး ယင်းပစ္စည်းများ သုံးစွဲရမည့်နည်းလမ်းတို့ကို လေ့ကျင့်သင်တန်းပေးရန်။ |
| • | လိုအပ်သော ရှာဖွေရေးနှင့်ကယ်ဆယ်ရေးဆိုင်ရာသင်တန်းများ ပြုလုပ်ပေးပြီး ဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ထားရန်။ |
| • | သက်ဆိုင်ရာကော်မတီ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားရန်။ |
| • | ဘေးသင့်သူများအား ရှာဖွေကယ်ဆယ်ပြီးလျှင် ရွှေ့ပြောင်းပို့ဆောင်ပေးရမည့် လုံခြုံစိတ်ချသော နေရာများ (ဘာသာရေး၊ အဆောက်အဦ၊ စာသင်ကျောင်းများ) စသည်ဖြင့် ကြိုတင်သတ်မှတ်ထားရန်။ |
| **ဘေးကျရောက်စဉ်** | |
| • | ဘေးကျရောက်စဉ်အတွင်း ဘေးသင့်ပြည်သူများအား လုံခြုံစိတ်ချသောနေရာများသို့ ပို့ဆောင်ပေးရာတွင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • | အရေးပေါ်ရွှေ့ပြောင်းရန်နေရာများ၊ ဧရိယာနယ်မြေများ သတ်မှတ်ထားပြီး လုပ်ဆောင်ရန်။ |
| • | ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် အခြားသော ပြည်တွင်း–ပြည်ပ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန်။ |

| |
|---|
| • ထိခိုက်ဒဏ်ရာရသူများအား အမြန်ဆုံးကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးရန်။ |
| • ထိခိုက်ခံစားရလွယ်သော အုပ်စုများ (ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် ကလေးသူငယ်များ)အား ပထမဦးစားပေးရွှေ့ပြောင်းပေးရန်။ |
| • ဌာနဆိုင်ရာများ၏ အရေးကြီးစာရွက်စာတမ်းများအား ဦးစားပေးသယ်ယူပေးရန်။ |
| • ပျောက်ဆုံးနေသူများကိုရှာဖွေပြီး ဘေးအန္တရာယ်မှ အမြန်ဆုံးလွတ်မြောက်စေရေး ဆောင်ရွက်ရန်။ |
| • သဘာဝဘေးကျရောက်နေသည့်ဒေသရှိ ရှာဖွေကယ်ဆယ်သည့်သူများ ကိုယ်တိုင်ဘေးကျရောက်နေသဖြင့် မိမိပတ်ဝန်းကျင်ဒေသများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး အကူအညီရရှိရေးဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** |
| • အပျက်အစီးများ ရှင်းလင်းခြင်း၊ သေဆုံးသူများကို ဒေသန္တရထုံးထမ်းအစဉ်အလာနှင့်အညီ သင်္ဂြိုလ်ပေးခြင်း၊ တိရစ္ဆာန်အသေများကို ရှင်းလင်းခြင်းများ လုပ်ဆောင်ရန်။ |
| • ပျက်စီးဆုံးရှုံးမှုများအား စာရင်းများ ပြုစုပေးပို့ရန်။ |
| • ဘေးသင့်သူများကို စိတ်သက်သာရာရစေရေးအတွက် ပညာပေးနှစ်သိမ့်ဆွေးနွေးပေးနိုင်ရန် သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |
| • မိသားစု ပြန်လည်ပေါင်းစည်းရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန်။ |
| • ပျောက်ဆုံးသူ/သေဆုံးသူစာရင်းများကို သက်ဆိုင်ရာကော်မတီ/လုပ်ငန်းကော်မတီများသို့ တင်ပြပေးရန်။ |

## ၄။ ပျက်စီးဆုံးရှုံးမှုပမာဏ သတင်းရရှိရေးနှင့် အရေးပေါ်ထောက်ပံ့ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| **ဘေးမကျရောက်မီ** |
|---|
| • ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် အိမ်ထောင်စုအရေအတွက်၊ လူဦးရေ (ကျား၊ မ၊ ကလေး၊ လူငယ်၊ လူကြီး) အိမ်ထောင်စုအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်ကောင်ရေများ စာရင်းပြုစုထားရန်။ |
| • ဘေးဒဏ်ခံ အဆောက်အဦအမျိုးအစားအလိုက် စာရင်းပြုစုထားရန်။ |
| • ယခင်ဖြစ်ခဲ့ဖူးသော ဘေးအန္တရာယ်များကို အခြေခံပြုစုထားသော စာရင်းဇယား အချက်အလက်များအပေါ် သုံးသပ်ပြီး ပိုမိုကောင်းမွန်သော အစီအစဉ်များ၊ ပြင်ဆင်မှုများပြုလုပ်ရန်။ |
| • အရေးပေါ်ကာလအတွက် လိုအပ်မည့် သောက်ရေသန့်၊ စားနပ်ရိက္ခာ၊ ဆေးဝါး၊ အဝတ်အထည်များ၊ တကိုယ်ရည်သုံး သန့်ရှင်းရေးပစ္စည်းများအား ကြိုတင်စုဆောင်းထားရန်။ |
| • သက်ဆိုင်ရာထောက်ပံ့ရေးအဖွဲ့အစည်း (အစိုးရ၊ ပုဂ္ဂလိက, INGO, NGO) များနှင့်ပူးပေါင်းကာ သိုလှောင်ရန်ဂိုထောင်နေရာများ ရွေးချယ်သတ်မှတ်ရန်။ |
| • ထောက်ပံ့ရေးပစ္စည်းများအား ကြီးကြပ်ရန်နှင့် စနစ်တကျတာဝန်ခွဲဝေရန်။ |
| **ဘေးကျရောက်စဉ်** |
| • အခြားလုပ်ငန်းကော်မတီများမှ တောင်းခံလာသော အရေးပေါ်ထောက်ပံ့ရေးဆိုင်ရာ အကူအညီများအား လိုအပ်သလို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရန်။ |
| • ဘေးအန္တရာယ်ဖြစ်နေစဉ် သက်ဆိုင်ရာအဖွဲ့များနှင့် ချိတ်ဆက်၍ ပျက်စီးဆုံးရှုံးမှုသတင်းများအား အချိန်နှင့်တပြေးညီကောက်ယူနိုင်ရေး ဆောင်ရွက်ရန်။ |

**ဘေးကျရောက်ပြီး**

- ကောက်ယူထားသော စာရင်းဇယားများ၊ အချက်အလက်များကို အသုံးပြုပြီး ပျက်စီးဆုံးရှုံးမှု စစ်ဆေးကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ရန် လိုအပ်သည်များကို ပံ့ပိုးပေးရန်။
- စီးပွားရေးလုပ်ငန်း တစ်မျိုးချင်းအလိုက် ပျက်စီးဆုံးရှုံးမှုကို အသေးစိတ်ပြုစုထားရန်။
- ကယ်ဆယ်ရေးစခန်းတွင် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေးအတွက် ထောက်ပံ့ရေးပစ္စည်းများ လုံလောက်အောင် ထောက်ပံ့ပေးရန်။
- ဒေသအတွင်းဘေးအန္တရာယ်များ သက်ရောက်မှုနှင့် ပျက်စီးဆုံးရှုံးမှုအခြေအနေအား သတင်းဓာတ်ပုံများရိုက်ကူးပြီး သေချာစွာ မှတ်တမ်းတင်ဆောင်ရွက်ရန်။

## ၅။ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

**ဘေးမကျရောက်မီ**

- ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်မှကာကွယ်ရန် လိုအပ်သောကိစ္စအဝဝကို ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်။
- ယခင်ဖြစ်ခဲ့ဖူးသော ဘေးအန္တရာယ်များအပေါ် အခြေခံပြီးပြုစုထားသော အချက်အလက်များ၊ စာရင်းဇယားများအားသုံးသပ်ပြီး ပိုမိုကောင်းမွန်သောအစီအမံများ ဖော်ဆောင်ပြုလုပ်ရန်။

**ဘေးကျရောက်စဉ်**

- ပျက်စီးမှုပမာဏသတင်းရရှိရေး လုပ်ငန်းကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပြီး ပျက်စီးဆုံးရှုံးမှုစာရင်းများကို ပိုမိုတိကျမှန်ကန်စေရန် ကွင်းဆင်းစိစစ်ပြီး စာရင်းများကောက်ယူရန်။
- ဘေးအန္တရာယ်ဖြစ်နေစဉ် သက်ဆိုင်ရာအဖွဲ့များနှင့် အချိန်နှင့်တပြေးညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းလုပ်ဆောင်ရန်။

**ဘေးကျရောက်ပြီး**

- ပျက်စီးမှုပမာဏသတင်းရရှိရေးလုပ်ငန်းကော်မတီမှ တင်ပြလာသော ပျက်စီးဆုံးရှုံးမှုစာရင်းဇယားများကို အတည်ပြုပြီး အထက်အဖွဲ့အစည်း အဆင့်ဆင့်ကိုတင်ပြကာ လိုအပ်သောညွှန်ကြားချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- သဘာဝဘေးဖြစ်ပြီးချိန်တွင် လူဦးရေ သေ၊ ပျောက်၊ ဒဏ်ရာရနှင့် ကျန်ရှိစာရင်း အတည်ပြုရေး၊ ပျက်စီးဆုံးရှုံး အဆောက်အဦစာရင်း၊ အတည်ပြုစိစစ်ရေး၊ ဆုံးရှုံးမှုပမာဏ တွက်ချက်တင်ပြရေးဆောင်ရွက်ရန်။
- အထက်မှတောင်းခံလာသော စာရင်းဇယားများအား ဆုံးရှုံးမှုပမာဏများ စိစစ်၊ အတည်ပြုဖော်ပြရန်။
- စာရင်း၊ ဇယား၊ ကိန်းဂဏန်းများ တိကျစွာရရှိရေးအတွက် ဌာနဆိုင်ရာများ၊ အခြားလုပ်ငန်းကော်မတီများနှင့် လိုအပ်သလို စိစစ်အတည်ပြု ညှိနှိုင်းဆောင်ရွက်ရန်။
- သက်ဆိုင်ရာလုပ်ငန်းကော်မတီများမှ ရရှိလာသော ဘေးအန္တရာယ်ကျရောက်မှုနှင့် ပျက်စီးဆုံးရှုံးမှု အခြေအနေအား မှတ်တမ်းတင်ထားရှိရန်။

## ၆။ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
|---|
| • သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် ယာဉ်မောင်းနှင့်ယာဉ်များအား ကြိုတင်စီစဉ်ထားခြင်း။ |
| • အကူအညီပေးနိုင်မည့် ယာဉ်လိုင်းများ၏ ဆက်သွယ်ရမည့်သူနှင့် ဖုန်းနံပါတ်များအား စာရင်းပြုစုထားရှိရန်။ |
| • ဘေးအန္တရာယ်ဖြစ်လာလျှင် ရှောင်တိမ်းမောင်းနှင်နိုင်မည့်လမ်းကြောင်း ကြိုတင်ရှာဖွေသတ်မှတ်ထားရှိရန်။ |
| • ဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသတွင် ရေယာဉ်များ အလွယ်တကူသွားလာနိုင်ရေးအတွက် စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်းပြီး လမ်းကြောင်းများရှင်းလင်းထားရန်။ |
| • အခြားလုပ်ငန်းကော်မတီများနှင့် ဆက်သွယ်၍ လိုအပ်သည်များကို ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ရန်။ |
| • ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် သက်ဆိုင်ရာအရေးပေါ် ရွှေ့ပြောင်းရေးအဖွဲ့နှင့်အချိတ်အဆက်မိစေရန် ကြိုတင်ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရန်။ |
| • သယ်ယူပို့ဆောင်မည့် ယာဉ်များ၏ ကြံ့ခိုင်မှုကို စစ်ဆေးထိန်းသိမ်းရန်။ |
| • လုံလောက်သော စက်သုံးဆီဖြည့်တင်းနိုင်အောင် ကြိုတင်စီစဉ်ထားရှိရန်။ |
| • လမ်းကြောင်းပေါ်ရှိ အန္တရာယ်ရှိသော အတားအဆီးများ (အပင်အိုများ၊ ဆွေးမြေ့နေသော တံတားများစသည်) အား ကြိုတင်ပြုပြင်စီမံထားရှိရန်။ |
| • အရေးပေါ်သယ်ယူပို့ဆောင်ရာတွင် လိုအပ်မည့် အမိုး၊ အကာ၊ လူနာတင်ထမ်းစင်နှင့် ထိုင်ခုံများစီစဉ်ထားရှိရန်။ |
| **ဘေးကျရောက်စဉ်** |
| • ဘေးအန္တရာယ်ကျရောက်နေစဉ်အတွင်း ဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးပြီး သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် လိုအပ်သလို ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။ (ဥပမာ–ကျန်းမာရေး၊ လုံခြုံရေး၊ သတင်းနှင့်ပြန်ကြားရေး) |
| • ကျန်းမာရေးနှင့် ကယ်ဆယ်ရေးဝန်ထမ်းများအား ကယ်ဆယ်ရေးစခန်းသို့ ပို့ဆောင်ပေးရေးဆောင်ရွက်ရန်။ |
| • ထိခိုက်ခံစားရလွယ်သော အုပ်စုများ (ကိုယ်ဝန်ဆောင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများနှင့် ကလေးသူငယ်များ)အား ပထမဦးစားပေး ရွှေ့ပြောင်းပေးရန်။ |
| • ဌာနဆိုင်ရာများ၏ အရေးကြီးစာရွက်စာတမ်းများအား ဦးစားပေးသယ်ယူပေးရန်။ |
| **ဘေးကျရောက်ပြီး** |
| • သွားလာရေးခက်ခဲသော ဘေးသင့်ဒေသများသို့ သွားရောက်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့များ၊ ကော်မတီ၊ လုပ်ငန်းကော်မတီတို့နှင့် ချိတ်ဆက်တင်ပြကာ ညှိနှိုင်းဆောင်ရွက်ရန်၊ လိုအပ်ပါက လမ်းကြောင်းများအား ရှင်းလင်းရန်။ |

## ၇။ ဘေးအန္တရာယ်လျော့ပါးရေးနှင့် အရေးပေါ် အခြေအကာထူထောင်ရေး လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| ဘေးမကျရောက်မီ |
|---|
| • အရေးပေါ်ဆက်သွယ်ရေး ဖုန်းနံပါတ်များ၊ ဆက်သွယ်ရမည့်သူများနှင့် အထက်–အောက် ဆက်သွယ်ရမည့်နံပါတ်များကို သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ချိတ်ဆက်ရယူကာ အဆင်သင့်ထားရှိရန်။ |
| • သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်ပြီးအရေးပေါ်ကာလ ထောက်ပံ့နိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန်။ |

| | |
|---|---|
| • | အရေးပေါ်ကာလ အမိုးအကာထူထောင်ရေးတွင် အသုံးပြုမည့် ကုန်းမြင့်များ၊ ဘေးကင်းလွတ်ရာဒေသများ ကြိုတင်ဖော်ထုတ် စာရင်းပြုစုထားရှိရန်။ |
| • | ဘေးအန္တရာယ်ကျရောက်လာပါက ခိုလှုံရမည့်နေရာများတွင် အိမ်သာလုံလောက်ရန်၊ သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ ရရှိရန်၊ အမှိုက်စွန့်ပစ်စနစ် ရေဆိုးထုတ်စနစ်များ ကောင်းမွန်အောင် စီစဉ်ထားရှိရန်။ |
| • | သစ်ဆိုင်များ၊ သစ်ခွဲစက်များ၊ ဆောက်လုပ်ရေးပစ္စည်းများ ရရှိနိုင်မည့် အရင်းအမြစ်များကို ကြိုတင်စာရင်းပြုစုထားရှိရန်။ |
| **ဘေးကျရောက်စဉ်** | |
| • | အရေးပေါ်ကာလ အမိုးအကာ ထူထောင်ရေးလိုအပ်မည့် ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် (တာပေါ်လင်၊ ရွက်ဖျင်တဲ၊ ရိက္ခာ၊ အဝတ်အထည်) စသည့် အထောက်အကူပြုပစ္စည်းများကို ကြက်ခြေနီအသင်းနှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတို့နှင့် ချိတ်ဆက်ကာ ပံ့ပိုးဆောင်ရွက်ရန်။ |
| • | ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်ကာ အရေးပေါ်ကာလ ထောက်ပံ့ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်။ |
| **ဘေးကျရောက်ပြီး** | |
| • | ဘေးသင့်သူများအားလုံးကို အမိုးအကာအောက် အလျဉ်မပြတ် စောလျင်စွာရောက်ရှိအောင် စီစဉ်ပေးရန်။ |
| • | ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများရရှိသည်နှင့် လိုအပ်သောဒေသများသို့ လျင်မြန်စွာထောက်ပံ့ပေးရန်။ |
| • | ထိခိုက်ခံစားရမှုတူညီလျှင် အဝေးဆုံးဒေသမှ ထိခိုက်ခံရလွယ်အုပ်စုများဖြစ်သည့် အမျိုးသမီး၊ ကိုယ်ဝန်ဆောင်၊ ကလေး၊ မသန်စွမ်း၊ သက်ကြီးများကို ဦးစားပေးထောက်ပံ့ရန်။ |
| • | သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းပြီး လုံခြုံစိတ်ချရသော အမိုးအကာထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန်။ |
| • | ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးလုပ်ငန်းကော်မတီနှင့် ချိတ်ဆက်၍ အမိုးအကာလိုအပ်ချက်များအပေါ် မူတည်ကာ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးရန်၊ လိုအပ်ပါက သက်ဆိုင်ရာအဖွဲ့အသီးသီးနှင့် ချိတ်ဆက်ကာ ထပ်မံတောင်းခံရန်။ |

## ၈။ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ၏ တာဝန်နှင့်ဝတ္တရားများ

| **ဘေးမကျရောက်မီ** | |
|---|---|
| • | မိမိရပ်ရွာအတွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုအသင်းအဖွဲ့များနှင့် ပူးပေါင်းပြီး ရှေးဦးသူနာပြုစုနည်းသင်တန်းများကို လေ့ကျင့်သင်ကြားပေးရန်။ |
| • | ဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုမည့်အရေးပေါ်ဆေးဝါးများနှင့် ဆေးပစ္စည်းများ၊ လူနာတင်ယာဉ်များ စာရင်းများကို ပြုစုထားရှိရန်နှင့် လိုအပ်ပါက ကြိုတင်စုဆောင်းထားရန်။ |
| • | မြို့နယ်အဆင့်၊ ခရိုင်အဆင့်တို့မှ ရရှိနိုင်မည့် ဆရာဝန်၊ သူနာပြုတို့၏ အင်အားကို စာရင်းပြုစုထားရှိပြီး ကြိုတင်ညှိနှိုင်းဆွေးနွေးထားရန်။ |
| • | သဘာဝဘေးကျရောက်နိုင်သောဒေသများတွင် ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်ပြုလုပ်ရန် (ဥပမာ–ရေနှင့် ကူးစက်တတ်သောရောဂါများအကြောင်းနှင့် ကာကွယ်ပုံများ) |
| • | သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များ၊ အမျိုးသမီးများနှင့်ဆိုင်သော သီးသန့်ကျန်းမာရေးကိစ္စရပ်များအားလည်း ထည့်သွင်းရေးဆွဲရန်။ |
| • | ရှာဖွေကယ်ဆယ်ရေးလုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်မည့်အဖွဲ့အစည်းများအား အရေးပေါ်အသက်ကယ်မှုဆိုင်ရာ သင်တန်းများပေးရန်။ |

| ဘေးကျရောက်စဉ် |
| --- |
| • ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် လိုအပ်ပါက အရေးပေါ်ယာယီဆေးကုသဆောင်များ ဖွင့်လှစ်ပေးရန်။ အရေးပေါ်လူနာများအား လိုအပ်ပါက မြို့နယ်မှခရိုင်အဆင့်အထိ လွှဲပြောင်း ထားရှိနိုင်ရေး ဆောင်ရွက်ရန်။ |
| • ရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ပြီး သတင်းအချက်အလက်များပေါ်မူတည်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရေး စီစဉ်ဆောင်ရွက်ရန်။ |
| • ကယ်ဆယ်ရေးစခန်းတွင် ကူးစက်ရောဂါများ (ဝမ်းရောဂါ၊ သွေးလွန်တုပ်ကွေး၊ ငှက်ဖျား) မဖြစ်ပွားစေရန် ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်။ |
| • ထိခိုက်ဒဏ်ရာရသူများအား ဆေးရုံများသို့ အချိန်မီပို့ဆောင်ရာတွင် အရေးပေါ်လိုအပ်ချက်များ (သွေးလိုအပ်ချက်)ကိုလည်း သက်ဆိုင်ရာအသင်းအဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်။ |

| ဘေးကျရောက်ပြီး |
| --- |
| • ကယ်ဆယ်ရေးစခန်းများတွင် ယာယီဆေးပေးခန်းများဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးရန်။ |
| • ဘေးသင့်ပြည်သူများအား စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်း (Psycho Social Support) များအား ပြုလုပ်ပေးရန်။ |
| • ဘေးဖြစ်ပြီးနောက် နောက်ဆက်တွဲ ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ကာကွယ်ဆေးထိုးပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်ပေးခြင်း၊ ရေတွင်း၊ ရေကန်များအား ဆေးခတ်ခြင်း၊ သောက်သုံးရေများရရှိရန် အကူအညီပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးရန်။ |
| • အသုံးပြုသောဆေးဝါးများနှင့် ဆေးပစ္စည်းများကို မှတ်တမ်းထားရှိခြင်း။ |
| • စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များအား စနစ်တကျ စွန့်ပစ်နိုင်ရေး အသိပညာပေးရန်။ |
